yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက် ၊ သောကြာနေ့ ၊ (18-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၇၁)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမျှော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။


**နေပြည်တော် အောက်တိုဘာ ၁၇**

သီတင်းကျွတ်လသည် မြန်မာရာသီ ၁၂ လတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်အား မြတ်စွာဘုရားရှင် ဟောကြားပြီးဆုံးသည့် နေ့ဖြစ်သည့်အတွက် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့်အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ်ရက်တစ်ရက်လည်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ပရိတ်တရားတော်များရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများကို ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ ဇီဝိတဒါနငါး၊ငှက်လွှတ်ခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ

**စာမျက်နှာ ၁၆ ကော်လံ ၁**



ရတနာပုံ
၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးအတွက် တက်ကြွစွာပါဝင်

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်ရန်အတွက် စစ်ပညာများသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယင်းဥပဒေကိုအသက်ဝင်စေခဲ့သည်။

မြန်မာနိုင်ငံ၏ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာသောကြောင့် နိုင်ငံသားအားလုံး မဖြစ်မနေတာဝန်ထမ်းဆောင်ရမည်မဟုတ်ဘဲ လိုသလောက်သာ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်ပြီးသည့်နောက် ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန်အတွက် ဆင့်ခေါ်ခဲ့ရာ လူငယ်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စာရင်းပေးသွင်းဝင်ရောက်လာကြသည်မှာ နိုင်ငံအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပေသည်။

ထိုကဲ့သို့ စာရင်းပေးသွင်းလာကြသူများအနက် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီသူများကိုစုဖွဲ့၍ သင်တန်းများကိုဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) ထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့အတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကိုယ်တိုင်ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် သင်တန်းတက်ရောက်နေကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များက သင်တန်းတွင် စစ်ပညာသာမက အဖွဲ့အစည်းစိတ်ဓာတ်များ၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ရဲဘော်ရဲဘက်စိတ်နှင့် နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်လိုသည့်စိတ်ဓာတ်များကိန်းအောင်းလာစေရန် လေ့ကျင့်သင်ကြားပေးပြီးနောက် ယခုအခါ တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်ပေသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်သည် နိုင်ငံတစ်ဝန်းရှိ နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဖြစ်ရာ မိမိနိုင်ငံ၏ကာကွယ်ရေးအင်အားနှင့် မိမိတို့ပြည်သူလူထု၏ ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာအသိစွမ်းရည်များကို ပြသနိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအကျိုးအတွက်ပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ ထိုယုံကြည်မှုများဖြင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအားခိုင်မာတောင့်တင်းစေရန်အတွက် နိုင်ငံသားတစ်ဦးချင်းက ကိုယ်စီတာဝန်သိစိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းကို တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဖျာပုံမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များ အရောင်းအဝယ် ကောင်းမွန်နေ

**ဖျာပုံ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှဒေသထွက်ကဏန်းပျော့များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ကဏန်းပျော့များထွက်ရှိပြီး စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိဝယ်ယူမှုကောင်းကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိတွင် ငါးရက်လျှင် ကဏန်းပျော့သန့်စင်ပြီး ပိဿာချိန် ၃၇၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒီဘက်ကထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဒီနှစ် ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ပြန်လည်သွက်လာပြီး ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာပါ။ ပို့ကုန်များလာတော့ ကဏန်းပျော့လုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အထိုက်အလျောက်အဆင်ပြေလာတာတွေ့ရတယ်။ ဒါ့ပြင် ကုန်ပစ္စည်းတင်ပို့တဲ့ လုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့သူတွေလဲ အဆင်ပြေလာပါတယ်။ ဒီဘက်ဒေသမှာ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို အခုလိုရာသီမှာ အများဆုံးမွေးမြူကြပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကဏန်းပျော့များ ဝယ်ယူမှု အားကောင်းနေခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်သို့ လာရောက်ဖူးမြော်သည့်ဘုရားဖူးပြည်သူများ စည်ကားများပြား



**မန္တလေး အောက်တိုဘာ ၁၇**

သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်သို့ လာရောက်ဖူးမြော်သည့်ဘုရားဖူးပြည်သူများ စည်ကားများပြားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး အတွင်းရေးမှူး ဦးသန်းဦးထံမှ သိရသည်။

သီတင်းကျွတ် လပြည့်နေ့၌ မြန်မာတစ်နိုင်ငံလုံးရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း၊ အလားတူ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများထဲတွင်ပါဝင်သည့် မဟာမုနိရုပ်ရှင်တော်သို့ သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းမှစ၍ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်မှုများပြားလျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ဒီနေ့ဟာ သီတင်းကျွတ်လပြည့်နေ့ဖြစ်တဲ့အပြင် ဥပုသ်နေ့လဲဖြစ်တာကြောင့် မန္တလေးမြို့မှာရှိတဲ့ မဟာမုနိရုပ်ရှင်တော်ကို မုခ်ဦးလေးခုကနေ မန္တလေးမြို့အပြင် အခြားနယ်ဝေးဒေသတွေကပါ လာရောက်ဖူးမြော်ကြပါတယ်"ဟု ဦးသန်းဦးက ပြောပြသည်။

မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ကျရောက်သည့် သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းမှစ၍ ညနေပိုင်းထိ ဘုရားဖူးပြည်သူစုစုပေါင်း ဦးရေ ၃၄၄၀၀ ထိ လာရောက်ဖူးမြော်ခဲ့ကြောင်း၊ မဟာမုနိရုပ်ရှင်တော်ကို ဘုရားဖူးပြည်သူများအဆင်ပြေစွာဝင်ရောက်ဖူးမြော်နိုင်ရေး ဘုရားဖူးချိန် နံနက် ၄ နာရီမှ ည ၇ နာရီထိခွင့်ပြုပေးထားကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့်နေ့မှာတော့ မဟာမုနိရုပ်ရှင်တော်မှာ ဘုရားဖူးပြည်သူတွေ တော်တော်လေးများပြားခဲ့ပါတယ်။ ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်တာနဲ့ ရွှေသင်္ကန်းကပ်လှူတဲ့ ဘုရားဖူးပြည်သူတွေလဲ များပြားခဲ့ပါတယ်။ သီတင်းကျွတ်လပြည့် ညနေပိုင်းကစပြီးတော့ ဆီမီး ၁၀၀၀၀ ကျော် မီးထွန်းပူဇော်သွားမှာပါ"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး အတွင်းရေးမှူး ဦးသန်းဦးက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ဆိုင်ကယ်အသစ်ဈေးနှုန်းများ ပြန်လည်ကျဆင်းလာသော်လည်း အရောင်းအဝယ်ဖြစ်မှု နည်းပါးနေကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

ဆိုင်ကယ် ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ ဈေးနှုန်းကျဆင်းလာခြင်းမရှိသေးဘဲ ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်နေသကဲ့သို့ လျှပ်စစ်ဆိုင်ကယ်များလည်း ဝင်ရောက်သည့်အစီးရေ နည်းပါးသောကြောင့် အရောင်းအဝယ်ဖြစ်မှု အနည်းငယ်သာရှိကြောင်း သိရသည်။

"ဆိုင်ကယ်အသစ်ဘီးတွေကတော့ဈေးကျလာပါတယ်။ အရင်တုန်းက ဈေးတန်းမျိုးတော့ ပြန်ရောက်ဖို့က မလွယ်သေးပါဘူး။ အသစ်ဘီးတွေ ဈေးကျလာပေမဲ့ လိုင်စင်ဘီးဟောင်းတွေကတော့ ဈေးမကျသေးဘူး။ အရောင်းအဝယ်ကတော့ အေးပါတယ်"ဟု ဆိုင်ကယ်ဝယ်ရောင်း ပြုလုပ်သူ ကိုမင်းနိုင်က ပြောပြသည်။

လျှပ်စစ်ဆိုင်ကယ်ဈေးနှုန်းများ အနေဖြင့် အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိရှိကြောင်း၊ တစ်ပတ်ရစ်ဆိုင်ကယ် အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇော်ချမ်း အမျိုးအစားများမှာ ငွေကျပ် ၇၀၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ် 110 အမျိုးအစားများမှာ ငွေကျပ် ရှစ်သိန်းငါးသောင်းမှ သိန်း၂၀ ခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ကိုးသိန်းမှ ၂၅ သိန်း ငါးသောင်းထိရှိကြောင်း သိရသည်။

ကားဈေးကွက်တွင်လည်း မော်ဒယ်မြင့်၊ တန်ဖိုးမြင့်ကားများ အရောင်းအဝယ် အေးနေဆဲဖြစ်သကဲ့သို့ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

"လက်ရှိအခြေအနေက ပွိုင့်သရီးကားလေးတွေ အရောင်းအဝယ်ရှိနေသေးတယ်။ အရောင်းအဝယ် ဖြစ်နေတာက ငွေကျပ် သိန်း ၄၀၀ နဲ့ သိန်း ၅၀၀ ကြား ပွိုင့်သရီးတွေနဲ့ ၆၆၀ စီစီ ပစ်ကပ်ကားလေးတွေပေါ့။ အခုကတော့ အရောင်းအပ်တာတွေနဲ့ လိုင်းပေါ်တင်ရောင်းတာမျိုးတွေ ပိုများနေတယ်"ဟု ကားဝယ်ရောင်းပြုလုပ်သူ ဦးဇော်ကြီးက ပြောပြသည်။

၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ် သိန်း ၂၀၀ ခန့် ဈေးပေါက်နေပြီး Manual ငွေကျပ် ၁၈၅ သိန်းခန့်၊ ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ် သိန်း ၁၇၀၊ အော်တို ငွေကျပ်သိန်း ၁၆၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ပုသိမ်ကြီးမြို့နယ် တောင်တံတိုင်းရှည်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပုသိမ်ကြီး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်တံတိုင်းရှည်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက တောင်တံတိုင်းရှည်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်ဆွေးနွေးမှာကြားခဲ့သည်။

ပုသိမ်ကြီးမြို့နယ် တောင်တံတိုင်းရှည်ကျေးရွာ၌ အရှည် ၈၂၄ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၅၉ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၅၇၁၁ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၅၇၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၅၇၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၇၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၇၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၇၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို ဟင်းသီးဟင်းရွက်တိုးချဲ့ စိုက်ပျိုးလာရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ပိုးမွှားကျရောက်မှုကင်းစင်ရန်၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရန် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

## ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမော်အင်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည့်ဖြိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဦးပြည့်ဖြိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သမော်အင်းကျေးရွာရှိ ဆီထွက်သီးနှံများ စိုက်ပျိုးသော အသင်းသား၊ အသင်းသူ ၃၅ ဦးကို ရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြို့သစ်မြို့နယ် ဒဟတ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး


**မြို့သစ် အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒဟတ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP ) ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဒဟတ်ကုန်းကျေးရွာ၌ အရှည်ပေ ၉၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို ဆောင်ရွက်ပြီးကွန်ကရစ်လမ်းကို အကျိုးရှိစွာ အသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ဒဟတ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သန်း စုစုပေါင်းငွေကျပ် ၂၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၃ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**



# ဝါလကင်းလွှတ်သီတင်းကျွတ် ညွှတ်နူးအာရုံလက်ကြာမုံ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"ဆီမီးရယ်က ထိန်ထိန်၊ အိုင်မင်းရေကြည်က၊ ကြာငါးမည် ငုံအာစွင့်တယ်၊ ဖူးပွင့်ခါချိန်။ အဿဝဏီ ယှဉ်ကာချဉ်းပါလို့၊ လင်းလာတဲ့ ငွေတာရိန်ငယ်၊ ပြာမှိန်လျက် မြူခြေဆိုင်း။ ဂါရဝေ သဏ္ဍာစ္စံ ပဏ္ဏာမေနှင့်၊ သဒ္ဓါခြွေ ကန်တော့ပွဲကိုလ၊ မစဲပေါင်ကုသိုလ် နှိုးကြတယ်၊ မျိုးမြန်မာ့တိုင်း။ ။"**

ဝါလကင်းလွှတ် သီတင်းကျွတ်အခါသမယသို့ ရောက်ပြီဆိုမှဖြင့် ဂီတစာဆိုတော်ကြီး ဦးပြုံးချို ရေးစပ်ထားသော **"သီတင်းကျွတ်"**ဖွဲ့ကို အလိုလို ရွတ်ဆိုနေမိကြပါသည်။

လူကြီးသူမ၊ ဆရာမိဘများကို ဂါရဝတရားဦးထိပ်ထား၍ နှစ်စဉ်နှစ်တိုင်းကန်တော့ကြသည့်လသည် ဝါကျွတ်သည့် သီတင်းကျွတ်လဖြစ်နေသောကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအရ သတိရလေ့ရှိသည်။

ဝါလကင်းလွှတ်သီတင်းကျွတ်တွင် ဆရာမိဘ၊ သက်ကြီးရွယ်အိုများကို ကန်တော့ကြခြင်းနှင့် ပတ်သက်၍ **"ဖိုးသူတော်ဦးမင်း"** က-

**"ကြာငါးမည် ကြိုင်သင်းလို့**
**လျှံဝင်းတဲ့ပြောင်ထိန်၊**
**ရွှေနန်းတောင်တော်ဦးမှာလ၊**
**ကွန့်မြူးမြင်းမိုရ်မီး၊**
**ညီးတဲ့ခါချိန်။**
**ရှိဦးငယ်နှိမ်၊**
**သုံးကြိမ်ကွယ့်ရှိပျောင်း။**
**သဏ္ဍာစ္စာ ဂါရဝနဲ့ စဉ်အလာပူဇော်ပွဲကို**
**နွှဲကြပေတောင်း။**"ဟု စပ်ဆိုခဲ့သည်။

မြတ်ဗုဒ္ဓက မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို ကျေးဇူးဆပ်သည့်အနေဖြင့် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားခဲ့သည်။ ထိုသို့ မြတ်ဗုဒ္ဓက မိခင်ဟောင်းကို ဓမ္မဖြင့်ကျေးဇူးဆပ်ပူဇော်ကန်တော့ခဲ့သည်ကို အထွတ်အထိပ်ထားခံစားပွားများပြီး သီတင်းကျွတ်လပြည့်နေ့တွင် သက်ကြီးရွယ်အိုဆရာမိဘများကို လူငယ်များက ကန်တော့နေကြခြင်းဖြစ်သည်။ ကာလရွေ့လျားလာသောအခါ သီတင်းကျွတ်လပြည့်နေ့မှာသာမက သီတင်းကျွတ်လတစ်လလုံးမှာပင် ကန်တော့နေကြပါသည်။

သီတင်းကျွတ်လပြည့်နေ့ကို **"အဘိဓမ္မာအခါတော်နေ့"**ဟုလည်း သတ်မှတ်ထားသည်။ အဘိဓမ္မာအခါတော်နေ့၏ အင်္ဂါရပ်သုံးရပ်မှာ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်ရှိ မယ်တော်ဖြစ်ခဲ့ဖူးသည့် နတ်သားကို အမှူးထားပြီး စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်အကျယ်ကို ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှာပြီးဆုံးခဲ့ခြင်း၊ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကို စန္ဒကူးတောမှာ အဘိဓမ္မာတရားတော်အကျဉ်းကို သင်္ခေပနည်းဖြင့် ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှာ ပြီးဆုံးခဲ့ခြင်း၊ ထိုနည်းတူ ရှင်သာရိပုတ္တရာကလည်း တပည့်ရဟန်းငါးရာကို အဘိဓမ္မာတရားတော်မကျဉ်းမကျယ်ကို ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှာ ပြီးဆုံးခဲ့ခြင်းဟူ၍ရှိရာ ထိုအင်္ဂါထူးသုံးရပ်ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို **"အဘိဓမ္မာအခါတော်နေ့"**ဟု သတ်မှတ်ထားခြင်းဖြစ်ပါသည်။

**"ပဝါရဏာပွဲတော်"**ကိုလည်း သီတင်းကျွတ်လပြည့်နေ့မှာပဲ ကျင်းပကြသည်။ ပဝါရဏာ၏ အဓိပ္ပာယ်မှာ **"ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း"**ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့တွင် သံဃာတော်အချင်းချင်းဖိတ်ကြားပြီး သိမ်ထဲမှာ စုဝေးကြကာ တစ်ပါးနှင့်တစ်ပါး အပြစ်ရှိလျှင်၊ အပြစ်ကိုမြင်လျှင်၊ ကြားလျှင်၊ အပြစ်ရှိနေသည်ဟု သံသယရှိနေလျှင် ပြောဆိုသတိပေးပါ။ အပြစ်ကိုရှုစားပြီး ကုစားပေးပါ"ဟု သုံးကြိမ်တိုင်တိုင် ဖိတ်ကြားတိုက်တွန်းကြရသည်။ တရားတော်နှင့်မလျော်ညီ ဖီလာပြစ်မှုများရှိနေကြပါက အချင်းချင်းစုပေါင်းဝေဖန်ထောက်ပြမှုကိုခံယူလိုကြသောကြောင့် ဖိတ်ခေါ်သည့်ပွဲ၊ သံဃာတော်အချင်းချင်းရိုင်းပင်းကူညီစည်းလုံးညီညွတ်မှုရယူကြသည့်ပွဲကို **"ပဝါရဏာပွဲတော်"**ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ကို **"အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာပွဲတော်"**ဟု သတ်မှတ်ထားသည့်အပြင် ဝါလကင်းလွှတ်သီတင်းကျွတ်၏ အဓိက အင်္ဂါရပ်(၇)ရပ်ကိုလည်း သီးခြားဝိသေသပြုထားသေးသည်။

(၁) ဝါကျွတ်သည်ဆိုသည်မှာ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလကာလပတ်လုံး ဝါဆိုဝါကပ်စောင့်စည်းခဲ့ရသမျှ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှာ ကျွတ်လွှတ်သွားသဖြင့် ဝါကျွတ်ကာလဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

(၂) မြတ်စွာဘုရားက မယ်တော်ဖြစ်ခဲ့ဖူးသည့် နတ်သားကို ကျေးဇူးဆပ်သည့်အနေဖြင့် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို စဉ်ဆက်မပြတ်ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှာ ပြီးဆုံးသွားခဲ့သဖြင့် အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ခဲ့သည်။

(၃) မိမိတို့ကျောင်းသင်္ခမ်းများတွင် ဝိနည်းနှင့်အညီ ဝါဆိုခဲ့ကြသောသံဃာတော်များသည်၊ ဝါဆိုကာလ ဝါကပ်နေရသည့် ဝိနည်းမှ ကျွတ်လွှတ်ကုန်ကြသောအခါ မိမိတို့မှာ အကျင့်သီလစင်ကြယ်ခြင်း ရှိ၊ မရှိကို နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်း ဖိတ်ကြားစုဝေးကြပြီး ဝါစဉ်သိက္ခာတော်အလိုက် အပြစ်ကြီးငယ်အသွယ်သွယ်ကို ညွှန်ပြဆုံးမကြပါရန် ဝန်ချတောင်းပန်၊ မေတ္တာရပ်ခံလျှောက်ထားကြရသည့် ပဝါရဏာပွဲတော်ကျင်းပကြလေ့ရှိသည်။

(၄) မြတ်ဗုဒ္ဓက မယ်တော်ဖြစ်ခဲ့ဖူးသည့် နတ်သားကို ဝါတွင်းသုံးလပတ်လုံး ဓမ္မဖြင့် ကျေးဇူးဆပ်ခြင်း၊ မြတ်ဗုဒ္ဓကို လူ၊ နတ်၊ ဗြဟ္မာ၊ ရဟန်းသံဃာတော်များက ပူဇော်ကန်တော့ကြခြင်း၊ ထေရ်ကြီးဝါကြီး ရဟန်းသံဃာတော်များကို ငယ်ရွယ်သူရဟန်းသံဃာတော်များက လာရောက်ပူဇော်ကန်တော့ကြခြင်း၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေသော မင်းနှင့် မိဖုရားကို မင်းညီမင်းသားဆွေမျိုးများနှင့် မင်းမှုထမ်းကြီးငယ်များက ရှိသေလေးစား တန်ဖိုးထားကန်တော့ကြခြင်း စသည့်ပူဇော်ကန်တော့ပွဲများ ကျင်းပကြလေ့ရှိသည်။

(၅) မြတ်ဗုဒ္ဓကိုရည်စူးပြီး ဆီမီးပူဇော်ပွဲများဖြစ်ကြသည့် တာဝတိံသာပွဲတော်၊ မီးမြင်းမိုရ်ပွဲတော်များကျင်းပကြလေ့ရှိသည်။

(၆) မိုးရာသီမှာ ငှက်တိရစ္ဆာန်များပင် အသိုက်မပြောင်းကြဟုဆိုကာ ဝါတွင်းသုံးလတွင် ထိမ်းမြားလက်ထပ်ခြင်း၊ နေအိမ်ပြောင်းရွှေ့ခြင်းမပြုကြဘဲ ဝါကျွတ်မှသာ ထိမ်းမြားလက်ထပ်ခြင်း၊ နေအိမ်ပြောင်းရွှေ့ခြင်းများကို ဆောင်ရွက်ကြလေ့ရှိသည်။

(၇) ဝါတွင်းသုံးလမိုးရာသီတွင် ပျော်ပွဲရွှင်ပွဲများ မကျင်းပနိုင်ကြသော်လည်း ဝါကျွတ်ပြီဆိုလျှင် ပျော်ပွဲရွှင်ပွဲများကို ကျင်းပကြလေ့ရှိသည်။ ခြေခင်းလက်ခင်းသာသည့်လ၊ ခရီးသွားလာ သုတရှာ၍ရသည့်လဟုသတ်မှတ်ကြကာ ပျော်ပါးကြရသည်။

ဝါကျွတ်ကာလ၏ အဓိကအင်္ဂါရပ်(၇)ရပ်ကို စိစစ်ကြည့်ပါက **"ဝါကျွတ်ခါမီသည့်ရာသီ"**၏ ထူးခြားလှသောဝိသေသများကို အကဲဖြတ်သုံးသပ်နိုင်သည်။

ထို့ပြင် **"ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်"**ဟု စာပန်းချီသီကုံးထားသည့်နှယ် ဝါကျွတ်သည့်လ၊ သီတင်းကျွတ်လ၏ ရာသီပန်းမှာ ကြာပန်းဖြစ်သည်။ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်၊ ကြာပဒုမ္မာဟူသောငါးမျိုးရှိသည်။ ဤဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူပွင့်မည်ဟု မိုးနတ်ဗြဟ္မာများက နိမိတ်ဖတ်ကြားခဲ့ရာ "ငါးရောက်ထင်ရှား၊ စောဘုရားတို့၊ ငါးပါးအညီ၊ ပွင့်တန်သည်ဟု၊ ငါးမည်မိုးနတ်၊ နိမိတ်ဖတ်သည်၊ မချွတ်ကမ္ဘာ၊ ပွင့်ရာသော်" ဟု စာဆိုရှိခဲ့သည်။

ဘုရားလေးဆူပွင့်တော်မူပြီးခဲ့ရာ အရိမေတ္တေယျဘုရားတစ်ဆူပွင့်တော်မူရန် ကျန်နေပါသေးသည်။ ထို့ကြောင့် **တောင်မြို့ ဂန္ဓာရုံဆရာတော်ဘုရားကြီး** က **"စံပယ်တဲ့လေးရုံ၊ မလေးငယ်မပန်ထိုက်လို့၊ ပန်းပြတ်ခိုက်ကြုံ။ အပွင့်ရယ်ကုန်၊ တစ်ငုံတော့ကျန်ပါသေး။ ပန်ချင်သူနွဲ့နွဲ့နှောင်းရယ်၊ ဆံကေသာပျော့ပျောင်းကို၊ ခေါင်းဖြီးခဲ့လေး"**ဟု နောင်ပွင့်တော်မူမည့် ဘုရားရှင်ကို လက်လွှတ်မခံကြဘဲ ဖူးမြော်နိုင်ကြစေရေးအတွက် တရားဓမ္မကျင့်ကြံကြရန် ဟောကြားတော်မူခဲ့သည်။

ကြာငါးခိုင်နှင့်ပတ်သက်၍ စေတီပုထိုးများတွင် ကြာမောက်ကြာလှန်များ ပြုလုပ်ထားကြခြင်း၊ ဘာသာရေးအဆောက်အအုံများတွင် ကြာပန်းလေးပွင့်နှင့် ကြာပန်းတစ်ငုံကို ကြိုးဖြင့်စည်းထားခြင်း၊ ကြာပန်းငါးခိုင်ကို ကြိုးဖြင့်ချည်ထားသည့်အမှတ်တံဆိပ်ကိုအသုံးပြုနေကြခြင်း စသည့်လက္ခဏာများသည် ဘုရားငါးဆူပွင့်တော်မူမည်ကို ညွှန်းဆိုနေကြခြင်းပင်ဖြစ်သည်။

ကင်းဝန်မင်းကြီးကလည်း "သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝဏီရှိန်ဝါရွှန်း။ ကြာမျိုးလန်းစို၊ မီးမြင်းမိုရ်၊ ဗဟိုအချာထွန်း"ဟု စပ်ဆိုခဲ့သည်။ နဝဒေးကြီးဖွဲ့ပိုဒ်စုံရတုမှာ "သီတင်းကျွတ်ဆီ၊ အဿဝဏီလျှင်၊ ရာသီတူနှင့်၊ ချိန်ကိုလင့်၍၊ ပွင့်ခြင်းငါးမည်၊ ကြာမျိုးစည်က၊ ပတ်လည်သိမ့်သိမ့်၊ တိမ်နိမ့်နိမ့်နှင့်၊ ပြိုလိမ့်ကမန်း၊ လျှပ်ခြည်တန်းလျက်"ဟု ဖွဲ့ဆိုထားသည်။ ဦးပုညတေးထပ်မှာမူ "သောင်းဒီပါထိန်ညီးအောင်၊ ထွန်းဆီမီးရောင်ညီ၊ သီတင်းကျွတ်တူရာသီမှာ၊ အဿဝဏီကြယ်မင်း၊ ကြာငါးမည်ကြိုင်သင်း၊ ရာထီးပိုင်ဘုရင်မင်းတို့၊ မြေနန်းရင်းပဟို့ရ်၊ ရွှေမြင်းမိုရ်တောင်တော်ပွဲကိုတဲ့၊ ခြိမ့်သဲအောင်ထွတ်စမြဲကို"ဟု စပ်ဆိုညွှန်းဖွဲ့ထားသည်။

ကြာငါးခိုင်နှင့် ဘုရားငါးဆူကို တင်စားရာတွင် လက်ကြာမုံလည်း ပါဝင်သည်။ လက်အုပ်ကလေးတွေချီပြီး ရှိခိုးကန်တော့ကြရာတွင် လက်နှစ်ဖက်အစုံကို ကြာငုံကြာဖူးကဲ့သို့ ပူးကပ်ထားသည့်ပုံသဏ္ဌာန်ပင်ဖြစ်သည်။ ဝါလကင်းလွှတ်သီတင်းကျွတ်လ၏ထူးခြားဂုဏ်အင်များက စုံလင်လွန်းလှပေရာ ဖော်ပြ၍ပင်ကုန်နိုင်ဖွယ်မရှိပေ။ များပြားလှသော ဂုဏ်အင်များစွာထဲတွင် ကျက်သရေမင်္ဂလာရှိလှသော ရိုးရာယဉ်ကျေးမှုမှာ ဆရာ၊ မိဘ၊ သက်ကြီးရွယ်အိုများကို ငယ်ရွယ်သူ သား၊ သမီး၊ မြေးမြစ်၊ ညီအစ်ကိုမောင်နှမသားချင်းများ၊ တပည့်များက ဂါရဝတရားဦးထိပ်ထားကြကာ ရိုကျိုးစွာရှိခိုးကန်တော့ကြခြင်းပင်ဖြစ်သည်။ "မြတ်ဘုရားနှင့်၊ တရား သံဃာ၊ မိဘ၊ ဆရာ၊ စိုးရသခင်၊ အရှင်ဂုဏ်ထူး၊ ကျေးဇူးရှိပေ၊ သူမြတ်တွေကို၊ ရိုသေဂါရဝ၊ ပြုအပ်လှ၏"ဟူသော (၃၈)ဖြာမင်္ဂလာတရားနှင့်အညီ ပူဇော်ကန်တော့နေကြသည်မှာ မင်္ဂလာကျက်သရေရှိလှပေသည်။

သို့သော် ခေတ်စနစ်တွေပြောင်းလဲလာသောအခါ ဝါကျွတ်ခါသမယမှာ သဏ္ဍာစ္စာဂါရဝဖြင့် ရိုသေစွာကန်တော့လာခဲ့ကြသည့် ရိုးရာယဉ်ကျေးမှုကို ခုတုံးလုပ်လာခဲ့ကြသည်။ "ဝါကျွတ်လို့ ကန်တော့တာပါ။ ဝါကျွတ်အထိမ်းအမှတ်လက်ဆောင်ပါ" ဟူသောခေါင်းစီးကိုတပ်ကာ လာဘ်ပေးလာဘ်ယူပြုမူလာကြသည်။ ဝါကျွတ်ကန်တော့ခြင်းမျက်နှာဖုံးအုပ်ပြီး လာဘ်ပေးလာဘ်ယူအလုပ်ကို ပြောင်ပြောင်တင်းတင်း၊ လက်ရဲဇက်ရဲလုပ်လာကြသည်။ ကျက်သရေမင်္ဂလာရှိနေသော ချစ်စရာယဉ်ကျေးမှုကို ညစ်ထေးအောင်ယုတ်မာလာကြသည်။ ဆွမ်းဆန်ထဲကြွက်ချေးရောလာသည့်နှယ် မသတီဖွယ်ခံစားကြရသည်။

ထို့ကြောင့် ကာတွန်းဆရာကြီးတစ်ဦးက "ငါက လာဘ်ပေးလာဘ်ယူသမားမဟုတ်ဘူး၊ ရိုးရာယဉ်ကျေးမှုအရ ကန်တော့တာကိုတော့လက်ခံတယ်"ဟု လာဘ်ပေးလာဘ်ယူသမားများကို ကလိထား၊ ရိထား၊ သရော်လှောင်ပြောင်ထားရာ စာချစ်သူများနှစ်သက်လက်ခံအားပေးလာခဲ့ကြသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၂၅၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၂၅၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၄၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၂၅၄၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ စပါးဧက ၉၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ သတ်မှတ်လျာထားချက် ပြည့်မီအောင် အချိန်မီစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ မျိုးတွေကို ပံ့ပိုးဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ စိုက်ပျိုးပြီးစပါးများ အောင်မြင်ဖြစ်ထွန်းစေရေး အသိပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

"ဝါလကင်းလွတ်သီတင်းကျွတ်တွင် ကန်တော့ကြပါက မုန့်ဖိုးရသည်" ဟူသောအယူအဆများက ကလေးများ၏ရင်ထဲတွင် စွဲထင်လာကြသည်။ ယခုတော့ ကလေးများသာမကတော့ဘဲ လူငယ်လူရွယ်များကလည်း ကန်တော့ခြင်းကို ဈေးတွက်တွက်လာကြသည်။ ကန်တော့လျှင် ကန်တော့သည့်ပစ္စည်းတန်ဖိုးထက် ပို၍လိုချင်နေကြသည်။ အနာဂတ်အရေး ရင်လေးဖွယ်ကောင်းလေစွ။

ကြီးသူကိုယ်သူက၊ ဆရာကိုတပည့်က၊ ရဟန်းသံဃာတော်များကို လူပုဂ္ဂိုလ်များက လက်အုပ်ကလေးတွေချီ ညွတ်နူးအာရုံ လက်ကြာမုံဖြင့် အရိုအသေပေးကြခြင်းကို ကန်တော့ခြင်းဟု မြန်မာ့အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားရာ ရှင်းနေပါသည်။ မည်သည့်လက်ဆောင်ပစ္စည်း၊ ကန်တော့စရာပစ္စည်း၊ ငွေများ မပါဝင်ပေ။ ကန်တော့ခံသူအပေါ် ကန်တော့သူက စိတ်ပါလက်ပါ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အရိုအသေပေးဂါရဝပြု ဦးညွှတ်ရှိခိုးသည်သာ စစ်မှန်သောကန်တော့ခြင်းမည်ပါသည်။

**"သုံးပါးရတနာ၊ မိဘများနှင့်၊ ဆရာသမားများကိုပူဇော်လေ"**ဟူသော မင်္ဂလာတရားနှင့်အညီ စစ်မှန်သော ပူဇော်ကန်တော့ခြင်းအလေ့အကျင့်တွေကို လူငယ်များရရှိပွားများလာစေရေးအတွက် မိဘဆရာများကပင် သွန်သင်ညွှန်ပြပျိုးထောင်ပေးနေကြရပေမည်။ အစကောင်းမှ အနှောင်းသေချာဆိုသလို ကလေးဘဝကတည်းက သူတို့နှလုံးသားထဲတွင် စွဲထင်နေအောင် လေ့ကျင့်သင်ကြားပေးနေကြရပေမည်။

သို့မှသာလျှင် **"ဝါလကင်းလွတ် သီတင်းကျွတ်" "ဝါကျွတ်ခါမီ သည်ရာသီ"**၏ သရုပ်သကန်အမှန်နှင့် ကန်တော့ရခြင်း၏ အနှစ်သာရအစစ်အမှန်ကို လူငယ်များနားလည်လက်ခံကျင့်သုံးလာကြပြီး ကြည်သာရွှင်မြူးညွှတ်နူးအာရုံ လက်ကြာမုံဖြင့် ယုံကြည်မှုသဒ္ဓါပွားများခံစားလာကြကာ အလေးအမြတ်ထားပြီး ကန်တော့လာကြပေလိမ့်မည်။

## အမုန်းကင်းလို့ အပြုံးဝင်းပါစေ

- ငါဆိုတာ ဘယ်မရှိပါဘူး
  ဉာဏ်အသိဖြင့် ကြည့်မြင်၊
  ကူညီသော် တစ်ဖက်သား
  စိတ်ထားဖြူစင်၊
  အဆိုးရှားဆုံး အတ္တပြင်
  ပရခင် မေတ္တာပေး၊
  လူ့ဂုဏ်ရည် အစဉ်လှ
  ချမ်းမြကြည်အေး။

- ထာဝစဉ် အမုန်းမတွေး
  အပြုံးလေးဖြင့် ရှေ့ဆက်ပါ၊
  မနာလို ဝန်တိုကင်းသပ
  ချစ်ခြင်းဝင်လာ၊
  လူအချင်းချင်း ထွေးမေတ္တာ
  ကိုယ်ချင်းစာ နားလည်မှု၊
  အကောင်းမြင် ဝါဒလမ်းကိုလ
  လျှောက်လှမ်းကာပြု။

- ကောင်းတာကို ယူအတု
  ဂရုစိုက်လို့ နေထိုင်နော်၊
  လောကဝယ် လှအဆင်း၊
  အချင်းဂုဏ်ပေါ်၊
  တန်ဖိုးကျ စိတ်ယုတ်သော်
  ညှိုးရော်လို့ ဘယ်မလန်း၊
  မရိုင်းအမှန် ရန်ငြိုးကင်းပါမှ
  သမိုင်းကျန် တန်ဖိုးဝင်းလို့ရယ်
  ချစ်ခြင်းဂုဏ်လွှမ်း။ ။

**စျာန်လေး(ပညာရေး)**

**COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## နိုင်ငံတကာ သတင်းများ

# ယာဆုကူနီဂူဗိမာန်သို့ လှူဖွယ်ပစ္စည်းများ ဂျပန်ဝန်ကြီးချုပ် အီရှီဘာပေးပို့



တိုကျို အောက်တိုဘာ ၁၇

ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် တိုကျိုမြို့ ယာဆုကူနီဂူဗိမာန်သို့ လှူဖွယ်ပစ္စည်းများပေးပို့ခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ်ရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် အောက်လွှတ်တော် ရွေးကောက်ပွဲများမကျင်းပမီ ၁၀ ရက် အလိုတွင် အငြင်းပွားဖွယ် စစ်အထိမ်းအမှတ်တစ်ခုဖြစ်သော ယာဆုကူနီဂူဗိမာန်သို့ လှူဖွယ်ပစ္စည်းများပေးပို့ခဲ့ခြင်းဖြစ်သည်။

ယာဆုကူနီဂူဗိမာန် သည် ဒုတိယကမ္ဘာစစ်ကာလ စစ်ရာဇဝတ်မှုတရားခံ ၁၄ ဦးအပါအဝင် စစ်အတွင်းသေဆုံးခဲ့ရသော ဂျပန်စစ်သည် ၂ ဒသမ ၅ သန်းကို ရည်စူးတည်ဆောက်ထားသော စစ်အထိမ်းအမှတ်ဂူဗိမာန်ဖြစ်သည်။

သို့ဖြစ်ရာ ယာဆုကူနီဂူဗိမာန်သို့ ဂျပန်ခေါင်းဆောင်များ သွားရောက်မှုနှင့် လှူဖွယ်ပစ္စည်းပေးပို့မှုတို့ကို ဂျပန်နိုင်ငံ၏ အတိတ်ကာလစစ်ဝါဒဏ် ခံစားခဲ့ရဖူးသည့် တောင်ကိုရီးယားနှင့် တရုတ်ကဲ့သို့သောနိုင်ငံများက ပြင်းထန်စွာ ဝေဖန်လေ့ရှိသည်။

ဂျပန်ဝန်ကြီးချုပ်သစ် အီရှီဘာက ယာဆုကူနီဂူဗိမာန်သို့ လှူဖွယ်ပစ္စည်းပေးပို့မှုကို စိတ်ပျက်ဖွယ် လုပ်ရပ်အဖြစ် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ် အီရှီဘာသည် လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်ရွေးချယ်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် အောက်တိုဘာ ၁ ရက်တွင် ဝန်ကြီးချုပ်ရာထူး စတင်ရယူခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# အီရန်နိုင်ငံခြားရေးဝန်ကြီးအဘတ်စ်အာရက်ချီ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ရောက်ရှိ

ကိုင်ရို အောက်တိုဘာ ၁၇

အီရန် နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီသည် အောက်တိုဘာ ၁၆ ရက် ညပိုင်းတွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ရောက်ရှိခဲ့သည်။

အီရန် နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီသည် ယနေ့တွင် အီဂျစ်အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

အစ္စရေးနှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီ ရောက်ရှိနေခြင်းဖြစ်သည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုအား လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေမှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံသည် အောက်တိုဘာ ၁ ရက်တွင် အစ္စရေးနိုင်ငံကို ဒုံးကျည်အစင်း ၂၀၀ နီးပါးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေး တင်းမာမှုများပို၍မြင့်တက်လာခဲ့ရသည်။

အီရန်၏အောက်တိုဘာ ၁ ရက် တိုက်ခိုက်မှုကို စစ်ရေးအရ လက်တုံ့ပြန်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံက ပြောကြားထားကြောင်း သိရသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီသည် အီဂျစ်ခရီးစဉ်မတိုင်မီ ဆော်ဒီအာရေးဗျ၊ ကာတာ၊ အီရတ်နှင့် လက်ဘနွန်နိုင်ငံများသို့ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# လေကြောင်းပျံသန်းမှုသတင်းအချက်အလက်များလဲလှယ်ရန် အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံတို့သဘောတူ

ဗန်ကောက် အောက်တိုဘာ ၁၇

လေကြောင်းပျံသန်းမှုဆိုင်ရာ သတင်းနှင့်အချက်အလက်များကို မျှဝေဖလှယ်ကြရန် အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံတို့က အောက်တိုဘာ ၁၆ ရက်တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

လေစီးကြောင်း အတက်အကျ ပြင်းထန်မှုအပါအဝင် လေကြောင်းပျံသန်းမှု သတင်းအချက်အလက်များ မျှဝေလဲလှယ်ရေးနားလည်မှုစာချွန်လွှာကို အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့်ထိုင်းနိုင်ငံတို့က အောက်တိုဘာ ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

လေကြောင်းခရီးသွားလာမှုများ ပိုမို ဘေးကင်းလုံခြုံရေးအတွက် အဆိုပါ နားလည်မှုစာချွန်လွှာကို အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံတို့က ရယူခဲ့ကြခြင်းဖြစ်သည်။

၎င်းနားလည်မှုစာချွန်လွှာအရ လေကြောင်းပျံသန်းမှု သတင်းအချက်အလက်များ အပြန်အလှန်လဲလှယ်ရေးအစီအစဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် စတင်အကောင်အထည်ဖော်ရန် အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံတို့က စီစဉ်ထားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကပ်ဘေး ပြီးဆုံးပြီးနောက် လေကြောင်း ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်အားကောင်းလာချိန်တွင် လေကြောင်းပျံသန်းမှု သတင်းအချက်အလက် မျှဝေလဲလှယ်ရေးနားလည်မှုစာချွန်လွှာကို အရှေ့တောင်အာရှနိုင်ငံများက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ အကောင်အထည်ဖော်မည့် လေကြောင်း သတင်းအချက်အလက် လဲလှယ်ရေးအစီအစဉ်သည် အာရှ-ပစိဖိတ်ဒေသအတွက် ပထမဆုံးသော လေကြောင်း သတင်းအချက်အလက် မျှဝေလဲလှယ်ရေးအစီအစဉ်ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# တောင်ကိုရီးယားကို ရန်ဘက်နိုင်ငံအဖြစ် သတ်မှတ်ထားကြောင်း မြောက်ကိုရီးယားအတည်ပြု

ပြုံယမ်း အောက်တိုဘာ ၁၇

မကြာသေးမီကမှ ပြန်လည်ပြင်ဆင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တောင်ကိုရီးယားနိုင်ငံကို ရန်ဘက်နိုင်ငံအဖြစ် သတ်မှတ် ဖွင့်ဆိုထားကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနှင့်ချိတ်ဆက်ထားသည့် နယ်စပ်ဖြတ်ကားလမ်းနှင့်ရထားလမ်းကို ဖောက်ခွဲဖျက်ဆီးခဲ့ပြီး နှစ်ရက်အကြာတွင် တောင်ကိုရီးယားနိုင်ငံကိုဖွဲ့စည်းပုံအခြေခံဥပဒေအရ ရန်ဘက်နိုင်ငံအဖြစ် သတ်မှတ်ထားမှုကို မြောက်ကိုရီးယားက အတည်ပြုခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တောင်ကိုရီးယားနိုင်ငံအား ရန်ဘက်နိုင်ငံအဖြစ် ရည်ညွှန်းထားမှုကို တောင်ကိုရီးယားအစိုးရကိုရီးယားကျွန်းဆွယ်ပြန်လည် ပေါင်းစည်းရေးဝန်ကြီးဌာနက ဝေဖန်ထားသည်။

မြောက်ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေ၌ တောင်ကိုရီးယားကို ရန်ဘက်နိုင်ငံအဖြစ် ရည်ညွှန်းထားမှုသည် ကိုရီးယားကျွန်းဆွယ်ပြန်လည် ပေါင်းစည်းရေးကို ဆန့်ကျင်သည့်လုပ်ရပ်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရကိုရီးယားကျွန်းဆွယ်ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း မြောက်ကိုရီးယားနိုင်ငံသည် ကိုရီးယား ပြည်သူ့လွှတ်တော်မျက်နှာစုံညီအစည်းအဝေးများကို နှစ်ရက်ကြာကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်ပတ်သက်၍ မြောက်ကိုရီးယားအစိုးရမီဒီယာများ အသေးစိတ်ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ Ref : RT

Trs : KKO

# အမေရိကန်လေတပ် ဘီ-၂ တာဝေးပျံမဟာဗျူဟာဗုံးကြဲလေယာဉ်များ ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုပစ်မှတ်များကို တိုက်ခိုက်

ဝါရှင်တန် အောက်တိုဘာ ၁၇

အမေရိကန်လေတပ်မှ ဘီ-၂ တာဝေးပျံ မဟာဗျူဟာဗုံးကြဲလေယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စု၏ မြေအောက်လက်နက်သိုလှောင်ရေးစခန်းများကိုတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဘီ-၂ ဗုံးကြဲလေယာဉ်များအနေဖြင့် ဟူသီအုပ်စုထိန်းချုပ်ထားသော ယီမင်နယ်မြေများအတွင်းရှိ မြေအောက်လက်နက်သိုလှောင်ရေးစခန်းငါးခုကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။



ဘီ-၂ ဗုံးကြဲလေယာဉ်များ တိုက်ခိုက်မှုကြောင့် ဟူသီပစ်မှတ်များ မည်မျှထိခိုက်ပျက်စီးခဲ့ရသည်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

အမေရိကန်တပ်မတော်သည် ဟူသီသူပုန် အုပ်စုပစ်မှတ်များကို တိုက်ခိုက်ရာတွင် ရေဒါထောက်လှမ်းမှု ရှောင်ရှားနိုင်စွမ်းရှိသော ဘီ-၂ ဗုံးကြဲလေယာဉ်များကို ရှားရှားပါးပါး အသုံးပြုခဲ့ခြင်းဖြစ်သည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် ဂါဇာကမ်းမြောင်စစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း ပင်လယ်နီရေလမ်းကြောင်းများကို အသုံးပြုနေသော ကုန်တင်သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့သည်။

ဟူသီအုပ်စု၏ တိုက်ခိုက်မှုကြောင့် ပင်လယ်နီရေလမ်းကြောင်းများ၌ ကုန်တင်သင်္ဘောနှစ်စီး နစ်မြုပ်ခဲ့ရပြီး ရေယာဉ်ဝန်ထမ်းလေးဦး သေဆုံးခဲ့ရကြောင်း သိရသည်။ Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာပေါ်သို့ကျရောက်ခဲ့သည့် ဥက္ကာခဲအများစုပေါ်ထွက်ရာနေရာကို ဖော်ထုတ်နိုင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၁၇**

ကမ္ဘာပေါ်သို့ကျရောက်ခဲ့သည့် ဥက္ကာခဲအများစု ပေါ်ထွက်ရာနေရာကို သိပ္ပံပညာရှင်များက ရှာဖွေ ဖော်ထုတ်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက်သတင်းများအရ သိရသည်။

ကမ္ဘာဂြိုဟ်ပေါ်သို့ ကျရောက်ခဲ့သည့် ဥက္ကာခဲ ၇၀ ရာခိုင်နှုန်းသည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်း ဖြစ်ပွားခဲ့သည့် ဂြိုဟ်သိမ်ဝင်တိုက်မှုဖြစ်စဉ်သုံးရပ်တို့မှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာသိပ္ပံပညာရှင်များသည် ကမ္ဘာပေါ်သို့ ကျရောက်ခဲ့ဖူးသမျှဥက္ကာခဲများ အနက် ၇၀၀၀၀ ကျော်ကို ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။

၎င်းဥက္ကာခဲများအနက် ၇၀ ရာခိုင်နှုန်းမှာ ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေ၌ လွန်ခဲ့သောနှစ်ပေါင်း ၅ ဒသမ ၈ သန်းတွင် တစ်ကြိမ်၊ ၇ ဒသမ ၂ သန်းတွင် တစ်ကြိမ်နှင့် လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၄၀ ခန့်တွင် တစ်ကြိမ်ဖြစ်ပွားခဲ့သည့် ဂြိုဟ်သိမ်များဝင်တိုက်မှုဖြစ်စဉ်များမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဂြိုဟ်သိမ်ခါးပတ်ကွင်း နယ်မြေ ဂြိုဟ်သိမ်များဝင်တိုက်မှုဖြစ်စဉ်သုံးရပ်ကြောင့်ဂြိုဟ်သိမ်အပိုင်းအစငယ်များဖြင့် ဖွဲ့စည်းထားသော ဂြိုဟ်သိမ်အုပ်စု သုံးခုပေါ်ထွက်လာပြီး ကမ္ဘာပေါ်ကျရောက်ခဲ့သည့် ဥက္ကာခဲအများစုမှာ ၎င်းဂြိုဟ်သိမ်အုပ်စုသုံးခုတို့မှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဂြိုဟ်သိမ်အုပ်စုသစ်သုံးခုထဲရှိ ဂြိုဟ်သိမ်အပိုင်းအစငယ်များသည် ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းမှ လွတ်ထွက်လာပြီး ကမ္ဘာပေါ်သို့ ကျရောက်တတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today
Trs : KKO

## ဂလီဆေး ၂၂၉ ဘီ အညိုရောင်ကြယ်သိမ်က တစ်စင်းနှင့်တစ်စင်း အလွန်နီးကပ်စွာလှည့်ပတ်နေသော နှစ်စင်းတွဲကြယ်စနစ်တစ်ခု ဖြစ်နေ

**ဝါရှင်တန် အောက်တိုဘာ ၁၇**

ဂလီဆေး ၂၂၉ ဘီ အမည်ရှိ အညိုရောင်ကြယ်သိမ် (Brown Dwarf) သည် မူလထင်ထားသကဲ့သို့ကြယ်တစ်စင်းတည်းမဟုတ်ဘဲ တစ်စင်းနှင့်တစ်စင်း အလွန်နီးကပ်စွာ လှည့်ပတ်နေသော နှစ်စင်းတွဲကြယ်စနစ်တစ်ခု ဖြစ်နေကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။

ဂလီဆေး ၂၂၉ ဘီ ကြယ်ကို ၁၉၉၅ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး တစ်စင်းတည်းသော အညိုရောင်ကြယ်သိမ်အဖြစ်သာ သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဂလီဆေး ၂၂၉ ဘီ ကြယ်သိမ်သည် မူလထင်ထားသကဲ့သို့ တစ်စင်းတည်း မဟုတ်ဘဲ တစ်စင်းနှင့်တစ်စင်း အလွန်နီးကပ်စွာ လှည့်ပတ်နေသည့် နှစ်စင်းတွဲကြယ်စနစ်တစ်ခု ဖြစ်နေကြောင်း သိရသည်။



လက်ရှိအချိန်တွင် ဂလီဆေး ၂၂၉ ဘီ နှစ်စင်းတွဲကြယ်စနစ်အတွင်းရှိ ကြယ်များကို အမေရိကန် သိပ္ပံပညာရှင်များက ဂလီဆေး ၂၂၉ ဘီအေနှင့်ဂလီဆေး ၂၂၉ ဘီဘီဟူ၍ အမည်ပေးထားသည်။

ဂလီဆေး ၂၂၉ ဘီအေကြယ်နှင့် ဂလီဆေး ၂၂၉ ဘီဘီကြယ်တို့၏ တစ်စင်းနှင့်တစ်စင်း အကွာအဝေးမှာ မိုင်ပေါင်း ၃ ဒသမ ၈ သန်းသာရှိကြောင်း သိရသည်။

အဆိုပါ ကြယ်နှစ်စင်းသည် တစ်စင်းနှင့်တစ်စင်း ကမ္ဘာမြေရက်အားဖြင့် ၁၂ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်နေသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## နာဆာ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်ကို လေ့လာမှတ်တမ်းတင်နိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၇**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်ကို လေ့လာမှတ်တမ်းတင်နိုင်ခဲ့ကြောင်းအောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်သည် အင်္ဂါဂြိုဟ်၏ဖိုးဘော့စ်ဂြိုဟ်ရံလက နေ၏ချပ်ဝန်းလွှာကို တစ်စိတ်တစ်ပိုင်း ပိတ်ကာထားခဲ့သော စက်တင်ဘာ ၃၀ ရက်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၃၀ ရက် အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်ကို ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် Left Most-cam-Z ကင်မရာစနစ်ဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ် ရိုက်ကူးထားသည့် အင်္ဂါဂြိုဟ် နေကြတ်မှုဖြစ်စဉ်ဓာတ်ပုံထဲတွင် အင်္ဂါဂြိုဟ်ရံလ ဖိုးဘော့စ်၏ ကောက်ကြောင်းကို နေ၏ချပ်ဝန်းလွှာပေါ်၌ ထင်ထင်ရှားရှား တွေ့နိုင်ကြောင်း သိရသည်။

ဖိုးဘော့စ် ဂြိုဟ်ရံလသည် အင်္ဂါဂြိုဟ်ရံလ နှစ်စင်းအနက် အရွယ်အစားအကြီးဆုံးဂြိုဟ်ရံလဖြစ်ပြီး အင်္ဂါဂြိုဟ်ကို မိုင် ၃၇၀၀ အကွာမှဗဟိုပြု လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

ဖိုးဘော့စ် ဂြိုဟ်ရံလသည် အင်္ဂါဂြိုဟ်ကို တစ်ရက်လျှင်သုံးပတ်နှုန်းဖြင့် လျင်မြန်စွာ လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## မျိုးဗီဇကုထုံးက အဝလွန်ကလေးများ၌ ကိုယ်အလေးချိန်လွန်ကဲမှုနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာများပေါ်ထွက်မှုကို တားဆီးနိုင်

**နယူးယောက် အောက်တိုဘာ ၁၇**

မျိုးဗီဇကုထုံးသည် အဝလွန်ကလေးများ၌ ကိုယ်အလေးချိန်လွန်ကဲမှုနှင့်ဆက်စပ်သည့် အဆစ်အမျက်ရောင်ရမ်းမှုကဲ့သို့ ကျန်းမာရေးပြဿနာများ ပေါ်ထွက်မှုကို တားဆီးရာတွင် အထောက်အကူပြုနိုင်ကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ မျိုးဗီဇကုထုံးသည် ရောင်ရမ်းမှုဖြစ်စေတတ်သော အိုမီဂါ-၆ ဖက်တီးအက်စစ်များကို အကျိုးပြုအိုမီဂါ-၃ ဖက်တီးအက်စစ်များအဖြစ် ပြောင်းလဲပေးရေးအတွက် ဆဲလ်များကို စွဲဆော်ပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဝလွန်နေသည့်ကြွက်များကို မျိုးဗီဇကုထုံးဖြင့် စမ်းသပ်ကုသခဲ့ကြရာ ကြွက်များ၏ကိုယ်တွင်းဇီဝဓာတုပြောင်းလဲမှုများ အားကောင်းလာကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

ထို့ပြင် အဆိုပါကြွက်များ၏ အဆစ်အမျက် ရောင်ရမ်းမှု လက္ခဏာများသည်လည်း မျိုးဗီဇကုထုံးရယူပြီးနောက် ကျဆင်းသွားသည်ကို တွေ့ရကြောင်း သိရသည်။

အဝလွန်မှုနှင့် ဆက်စပ်နေသည့် အဆစ်အမျက်ရောင်ရမ်းမှုသည် ရောင်ရမ်းမှုဂုဏ်သတ္တိကြီးမားသော အိုမီဂါ-၆ ဖက်တီးအက်စစ်များကြောင့် ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## တံတွေးစစ်ဆေးမှုဖြင့် ဆီးကျိတ်ကင်ဆာကို မြန်မြန်ဆန်ဆန်စစ်ဆေးနိုင်မှု ရှိ၊ မရှိ စမ်းသပ်နေ

**လန်ဒန် အောက်တိုဘာ ၁၇**

ဗြိတိန်နိုင်ငံ ကင်ဆာသုတေသနအင်စတီကျူမှ သုတေသနပညာရှင်များသည် တံတွေးစစ်ဆေးမှုပုံစံဖြင့် ဆီးကျိတ်ကင်ဆာရောဂါကို မြန်မြန်ဆန်ဆန် စစ်ဆေးဖော်ထုတ်နိုင်မှု ရှိ၊ မရှိ စမ်းသပ်နေကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ စမ်းသပ်နေသည့် တံတွေးစစ်ဆေးနည်းသည် တံတွေးမှ ထုတ်ယူသည့် လူနာ၏မျိုးဗီဇအခြေခံ မော်လီကျူး(DNA) ကို စစ်ဆေး၍ ဆီးကျိတ်ကင်ဆာ ရှိ၊ မရှိ စစ်ဆေးပေးသည့်နည်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတွေးစစ်ဆေးနည်းဖြင့် ရောဂါဖြစ်ခါစ အဆင့်တွင်သာရှိသေးပြီး ကုသ၍ရနိုင်မည့် ဆီးကျိတ်ကင်ဆာ လူနာများကို ဖော်ထုတ်နိုင်ရန် ဗြိတိန်သုတေသနပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် PRODICT ဟူ၍အမည်ပေးထားသည့် အဆိုပါတံတွေးစစ်ဆေးနည်းကို အမျိုးသား ၁၀၀၀ တို့ဖြင့် လက်တွေ့စမ်းသပ်မှုပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

PRODICT တံတွေးစစ်ဆေးနည်း၏ထိရောက်မှုကို အတည်ပြုနိုင်ပါက ဆီးကျိတ်ကင်ဆာလူနာအများအပြား၏အသက်ကို ကယ်တင်နိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

ဆီးကျိတ်ကင်ဆာ လူနာအမျိုးသား အများအပြားမှာ ဆီးကျိတ်ကင်ဆာကို ရောဂါကျွမ်းချိန်မှသာ စစ်ဆေးဖော်ထုတ်တွေ့ရှိရသည်ဖြစ်ရာ ကုသရန်မဖြစ်နိုင်တော့သည့် အခြေအနေသို့ရောက်သွားတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း အုပ်စု(D)၌ ကျရောက်




**ရန်ကုန် အောက်တိုဘာ ၁၇**

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ပြုလုပ်ခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အုပ်စု(D)တွင် ဗီယက်နမ်အသင်း၊တရုတ်(တိုင်ပေ)အသင်း၊ မကာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းပါဝင်သည့် အုပ်စု (D)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ပြီး ခြေစစ်ပွဲအဆင့်တွင် ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ငါးသင်း သုံးအုပ်စုနှင့် လေးသင်း တစ်အုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး ခြေစစ်ပွဲကို လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၁၉ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲတွင် အုပ်စုလေးခုအုပ်စုပထမနှင့် ဒုတိယနေရာမှ ရှစ်သင်းနှင့် အကောင်းဆုံးအုပ်စုတတိယရရှိသည့်တစ်သင်း စုစုပေါင်း ကိုးသင်းခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် တရုတ်အသင်း၊ ၂၀၁၈ ပြိုင်ပွဲ ချန်ပီယံ အီရန်အသင်းနှင့် ဒုတိယဆုရ ဂျပန်အသင်းတို့မှာ တိုက်ရိုက်ဝင်ခွင့်ရခဲ့ပြီး ခြေစစ်ပွဲအောင်သည့် ကိုးသင်း စုစုပေါင်းအသင်း ၁၂ သင်းဖြင့် တရုတ်နိုင်ငံ၌ ၂၀၂၅ ခုနှစ် မေ ၇ ရက်မှ ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲမတိုင်မီ လာမည့်နိုဝင်ဘာလအတွင်းယှဉ်ပြိုင်ရမည့် ၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် စက်တင်ဘာ ၃၀ ရက်မှစတင်ပြီး ပဏာမကစားသမား၂၆ ဦးဖြင့် ရန်ကုန်မြို့၌ စခန်းသွင်းလေ့ကျင့်မှုများလုပ်ဆောင်နေကြောင်း သိရသည်။

STA

# စပိန်လာလီဂါ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

ဂျီရိုနာ Vs ဆိုစီဒက်

ကစားမည့်ရက်/အချိန် (၁၉-၁၀-၂၀၂၄ ည ၁၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဂျီရိုနာ ၀ - ၀ ဆိုစီဒက်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(နိုင်) |
| ဆိုစီဒက် | - | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(သရေ) |

ဒီရာသီမှာ ပုံစံကောင်းပျောက်ဆုံးပြီး ရုန်းကန်နေရတဲ့ ဆိုစီဒက်အသင်းအတွက် အခုအဝေးကွင်းပွဲစဉ်မှာလဲ ရုန်းကန်ရပါလိမ့်မယ်။ ဂျီရိုနာအသင်းကတော့ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်သလို တိုက်စစ်ပိုင်းကလဲ ထက်မြက်မှုရှိပါတယ်။ ဒါ့ကြောင့် အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ ဂျီရိုနာအသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဂျီရိုနာ ၂ - ၁ ဆိုစီဒက်

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်

ဘိုင်ယန်မြူးနစ် Vs စတုဂတ်

ကစားမည့်ရက်/အချိန် (၁၉-၁၀-၂၀၂၄ ည ၁၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

စတုဂတ် ၃ - ၁ ဘိုင်ယန်မြူးနစ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |
| စတုဂတ် | - | အိမ်(သရေ) | အိမ်(သရေ) | အိမ်(သရေ) |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဘိုင်ယန်မြူးနစ်အသင်းအတွက် အိမ်ကွင်းမှာနိုင်ပွဲပြန်လည်ရရှိဖို့ ပြင်ဆင်လာမှာပါ။ လက်ရှိစတုဂတ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးတဲ့ထိ ရုန်းကန်နေရပါတယ်။ ဒါ့ကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ဘိုင်ယန်မြူးနစ် ၃ - ၁ စတုဂတ်

# နည်းပြဒေါ်စန်းစန်းသိန်း မြန်မာ့ဘောလုံးသမိုင်းတစ်လျှောက် ပထမဆုံးအမျိုးသမီးပရိုလိုင်စင်ရ နည်းပြဖြစ်လာ




**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လက်ထောက်နည်းပြ ဒေါ်စန်းစန်းသိန်းသည် မြန်မာ့ဘောလုံးလောက သမိုင်းတစ်လျှောက် ပထမဆုံးအမျိုးသမီး ပရိုလိုင်စင်ရ နည်းပြတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်သက်တမ်းအလိုက်လူငယ်အမျိုးသမီးအသင်း နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် နည်းပြ ဒေါ်စန်းစန်းသိန်းသည် အာရှဘောလုံးအဖွဲ့ချုပ်(AFC)နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)တို့စီစဉ်သည့် AFC အမျိုးသမီး ပရိုလိုင်စင်နည်းပြသင်တန်း တက်ရောက်ရန် အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ဂျပန်နိုင်ငံသို့ထွက်ခွာခဲ့သည်။

နည်းပြဒေါ်စန်းစန်းသိန်းသည် သင်တန်းကာလအတွင်း စာတွေ့လက်တွေ့သင်ယူမှုများ၊ စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးပါက မြန်မာ့ဘောလုံးလောက သမိုင်းတစ်လျှောက် ပထမဆုံးအမျိုးသမီး ပရိုလိုင်စင်ရနည်းပြတစ်ဦးဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများတွင်လည်း မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပရိုလိုင်စင်ရနည်းပြတစ်ဦးအဖြစ် တာဝန်ယူကိုင်တွယ်နိုင်မည်ဖြစ်သည်။

လက်ရှိ မြန်မာ့ဘောလုံးလောကတွင် ပရိုလိုင်စင်ရ အမျိုးသမီးနည်းပြတစ်ဦးမျှ မရှိသေးဘဲ ဒေါ်စန်းစန်းသိန်းက ပထမဆုံး ပရိုလိုင်စင်ရ အမျိုးသမီးနည်းပြအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

STA

# Stockholm Open ပြိုင်ပွဲ၌ ကပ်စပါရုဒ်နှင့် တွမ်မီပေါလ်တို့ ကွာတားဖိုင်နယ်တက်ရောက်

**စတော့ဟုမ်း အောက်တိုဘာ ၁၇**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပနေသည့် Stockholm Open ဒုတိယအဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်တို့သည် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြသည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ကပ်စပါရုဒ်သည် ဒုတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမားဆိုနီဂိုနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၆-၃၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်တွင် နယ်သာလန်တင်းနစ်ကစားသမား ဂရစ်စပူနှင့် ကစားရမည်ဖြစ်သည်။

ဂရစ်စပူသည် ဒုတိယအဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား ဖန်းလေကို (၇-၆၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် တင်းနစ်ကစားသမားတွမ်မီပေါလ်သည် ဒုတိယအဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမားဒီရီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး တွမ်မီပေါလ်က(၆-၂၊ ၇- ၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်၌ ယှဉ်ပြိုင်ကစားရမည့်ပြိုင်ဘက်ကို မသိရသေးဘဲ ဒုတိယအဆင့်မှ တက်လာသည့် ပြိုင်ဘက် ကစားသမားနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ဒဏ်ရာကြောင့် ဘရန့်ဖို့ဒ်အသင်းနှင့် ကစားမည့်ပွဲစဉ်ကို အူဂါတီ လွဲချော်မည်

**မန်ချက်စတာ အောက်တိုဘာ ၁၇**

မန်ယူအသင်း ကွင်းလယ်ကစားသမား အူဂါတီသည် ပေါင်ကြွက်သား ဒဏ်ရာကြောင့် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ကစားမည့် ဘရန့်ဖို့ဒ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို လွဲချော်သွားမည်ဖြစ်ကြောင်း သိရသည်။

အူဂါတီသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲ တောင်အမေရိကဇုန်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဥရုဂွေး အသင်းနှင့် အီကွေဒေါအသင်းတို့ ပွဲစဉ် ပွဲချိန် မိနစ် ၉၀ ၌ ပေါင်ကြွက်သား ဒဏ်ရာရရှိခဲ့ပြီးနောက် ဆက်လက်ကစားနိုင်ခြင်း မရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

အူဂါတီအနေဖြင့် ပေါင်ကြွက်သားဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ကြံ့ခိုင်မှုပြည့်ဝရန်အတွက် အနားယူရမည့်အခြေအနေများကြောင့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်သွားရမည်ဖြစ်သည်။

အူဂါတီသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့စဉ်ကလည်း ဒူးဒဏ်ရာကြောင့် ရာသီအစပိုင်းပွဲစဉ်များကို လွဲချော်ခဲ့ကာ ပြီးခဲ့သည့်စက်တင်ဘာလက စတင်ပါဝင်ကစားနိုင်ခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာကြောင့် ထပ်မံ အနားယူရမည်ဖြစ်ပြီး မည်သည့်အချိန်ထိ အနားယူရမည်ကို မသိရှိရသေးဘဲ ဆက်လက် စောင့်ကြည့်ရမည်ဖြစ်သည်။

လက်ရှိ မန်ယူအသင်းကွင်းလယ်ပိုင်းတွင် အူဂါတီအပြင် အဓိက ကစားသမားများဖြစ်သည့် ကိုဘီမိုင်နူးနှင့် မေဆင်မောင့်တို့လည်းဒဏ်ရာကြောင့်အနားယူနေရကြောင်း သိရသည်။

Ref : Goal.com

Trs : STA

**ခရီးသွားဆောင်းပါး**

# မိုင်းတုံမှမိုင်းဆတ်ကိုကျော်ဖြတ်ပြီး တာချီလိတ်သို့

ဒီတစ်ခေါက် သွားရောက်နေတဲ့ခရီးစဉ်မှာ မိုးနဲ-လင်းခေး-မိုင်းပန်-မိုင်းတုံလမ်းကနေ သံလွင်မြစ်ကူးတံတား တာစန်းကိုဖြတ်ကျော်ပြီး မိုင်းတုံမြို့ရှိရာကို ဆက်လက်မောင်းနှင်နေကြပါပြီ။ သံလွင်မြစ်က အနိမ့်ပိုင်းမှာရှိနေတာကြောင့် သံလွင်မြစ်ကိုကျော်လာတာနဲ့ အထက်ခရီးကို စတင်ကြရတယ်။ အချိန်က ညနေ ၆ နာရီထိုးနေပြီဖြစ်သလို ရှမ်းပြည်နယ်အရှေ့ပိုင်းကိုလည်း ဝင်ရောက်လာကြပါပြီ။ တာစန်းနဲ့ မိုင်းတုံက ၂၇ မိုင် ဝေးကွာနေသေးလို့ တစ်နာရီဝန်းကျင်လောက်ကြာပြီးမှ မိုင်းတုံမြို့ကိုရောက်မယ်ထင်ပါတယ်။ ဒါပေမဲ့ လမ်းအခြေအနေက ကောင်းလည်းကောင်း ရှင်းလည်းရှင်းနေပြီး မိုင်းတုံမြို့အကျော်က မိုင်းဆတ်မြို့ကို ည ၁၀ နာရီအမီရောက်ဖို့လိုအပ်နေတာကြောင့် ကားဆရာက မြန်မြန်မောင်းနေတာကိုလည်း သတိထားမိနေတယ်။

ကားလေးတွေက မိမိတွေးထင်ထားတဲ့အတိုင်း မှောင်ရီပျိုးချိန် ညနေ ၇ နာရီထိုးကာနီးလောက်မှာ မိုင်းတုံမြို့ကိုဝင်ရောက်လာကြတယ်။ မိမိနေထိုင်ရာ ပြင်ဦးလွင်မြို့ကနေ အခုရောက်ရှိလာခဲ့တဲ့ မိုင်းတုံမြို့ထိ ပထမတစ်ရက်၊ တောင်ကြီးမြို့ကို တစ်နေကုန်ခရီး၊ တောင်ကြီးမှာ တစ်ညအိပ်၊ ဒီနေ့ ဒုတိယရက် တောင်ကြီးမြို့ကနေ နောက်ထပ်တစ်နေကုန်ခရီး စုစုပေါင်း တစ်ညနဲ့နှစ်ရက်မောင်းနှင်းခဲ့ပြီးမှ မိုင်းတုံမြို့ကို ရောက်ရှိလာခဲ့ရတာပါ။ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ဝန်းကျင်၊ မိမိ ဘော်ဒါဆောင် ဖွင့်လှစ်သင်ကြားနေတဲ့ကာလတစ်ခုတုန်းက မိုင်းတုံမြို့ကနေ လာရောက်ပညာသင်ကြားတဲ့ ကျောင်းသားတစ်ဦးရှိခဲ့ဖူးတယ်။ အဲဒီနှစ် သီတင်းကျွတ်ကျောင်းပိတ်ရက်ကိုရောက်တဲ့အခါ အခြားကျောင်းသား၊ ကျောင်းသူတွေက မိမိတို့ရဲ့ သက်ဆိုင်ရာ မြို့၊ ရွာအသီးသီးကို ခေတ္တခဏ ပြန်ခွင့်ရရှိခဲ့ကြပေမဲ့ မိုင်းတုံမြို့က ကျောင်းသားလေးကတော့ ပြန်လို့မရခဲ့ပါဘူး။

ဒါကြောင့် တပည့်ဖြစ်သူ ကျောင်းသားလေး က မိမိကို မိုင်းတုံမြို့ထိ ဆိုင်ကယ်နဲ့သွားကြရအောင်၊ လိုက်လံပို့ဆောင်ပေးပါဆိုပြီး အတင်းပူဆာနေတော့တယ်။ သူ့ရဲ့ပြောပြချက်အရ ကားလမ်းမကောင်းလို့ ကားတွေ သွားလာလို့မရနိုင်အောင် ခက်ခဲနေပေမဲ့ ဆိုင်ကယ်တွေသွားလို့ရကြောင်း၊ သွားလာကြကြောင်း တိုက်တွန်းပြောကြားနေတယ်။

ဒါကြောင့် မိုင်းတုံမြို့ထိ ဆိုင်ကယ်နဲ့ သွားလာကြဖို့ ဖြစ်နိုင်၊ မဖြစ်နိုင်ကို သေသေချာချာစဉ်းစားရသလို စုံစမ်းမေးမြန်းတာတွေကိုလဲ လုပ်နေရတယ်။ နောက်ဆုံးမှာတော့ အကြောင်းအမျိုးမျိုးတွေကြောင့် မသွားဖြစ်ခဲ့ပါဘူး။

မိုင်းတုံဆိုတာ ရှမ်းဘာသာစကားနဲ့ဖြစ်ပြီး မြန်မာလိုဆိုရင် သံကွင်းလိုဝိုင်းဝန်းတဲ့မြို့ဆိုပြီး အဓိပ္ပာယ်ရနေတယ်။ မိုင်းကမြို့၊ တုံက သံကွင်းလို အဝန်းအဝိုင်းပါ။ တစ်ချို့ရှမ်းလူမျိုးတွေက တုံကိုအငုံ၊ အဖူးဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုကြပြန်တယ်။ အငုံတွေ၊ အဖူးတွေကလဲ ဝန်းဝိုင်းတဲ့သဘောကို ဆောင်နေပါတယ်။ ဒါပေမဲ့ မိုင်းတုံမြို့ကို ရောက်ရှိတဲ့အချိန်က မှောင်ရီပျိုးနေပြီဖြစ်လို့ မြို့ရဲ့ပုံစံက အဝိုင်းလား၊ အရှည်လားဆိုတာကိုတော့ မသိမမြင်နိုင်တော့ပါဘူး။ တစ်ချို့လမ်းတွေ၊ အိမ်တွေမှာ မီးတွေတောင်ထွန်းနေကြပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်တုန်းက ဆိုင်ကယ်နဲ့သွားမယ်ဆိုပြီး စဉ်းစားစီစဉ်ခဲ့ဖူးတဲ့ မိုင်းတုံမြို့ကို အခုအချိန်မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါတော့တယ်။ လှေ့လာလည်ပတ်ခွင့်တော့ မရသေးပါဘူး။

ကားဆရာက မိုင်းတုံမြို့တွင်းကနေ ဖြတ်သန်းမောင်းနှင်နေရင်းနဲ့ ကားဂိတ်မှာပစ္စည်းချစရာရှိတယ်ဆိုပြီး လမ်းတစ်ခုထဲကို ချိုးကွေ့ဝင်ရောက်လိုက်တယ်။ နေရာက ဈေးဆိုင်တန်းတွေ မျက်နှာချင်းဆိုင်တန်းစီးပြီး အများအပြားရှိနေတဲ့နေရာပါ။ ကားဂိတ်လိုနေရာမျိုးက လူစည်ကားတဲ့ဈေးပတ်ဝန်းကျင်မှာ ရှိတာများတာကြောင့် မိုင်းတုံဈေးဖြစ်လိမ့်မယ်ဆိုပြီး ခန့်မှန်းမိလိုက်တယ်။ ကားဂိတ်မှာ ပစ္စည်းချပြီး ပြန်ထွက်လာခဲ့ကြတယ်။ တကယ်လို့ နေ့ခင်းနေ့လယ်လဲဖြစ်၊ အချိန်လဲရမယ်ဆိုရင် ကားဆရာကို ခဏလေးပါလို့ပြောဆိုပြီး ဈေးနဲ့ ဈေးဝန်းကျင်ကို လေ့လာကြည့်ရှုရင်း လိုအပ်တဲ့မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူဖြစ်မှာသေချာပါတယ်။ အခုတော့ မိုင်းဆတ်မြို့ရှိရာကို ည ၁၀ နာရီမထိုးခင် အချိန်မီဝင်ရောက်ကြရမှာဖြစ်တာကြောင့် ဖြစ်ချင်တဲ့ဆန္ဒနဲ့ အာသီသတွေကို လက်လျှော့လိုက်ရတယ်။




မိုင်းတုံမြို့ကနေ ထွက်လာပြီးကတည်းက ကားရဲ့ရှေ့မီးကြီးအလင်းရောင်ကလွဲပြီး တစ်လမ်းလုံး မှောင်မည်းနေပါပြီ။ နာရီကိုကြည့်လိုက်တော့ ၇ နာရီထိုးပြီး မိနစ်အနည်းငယ်စွန်းနေပြီဖြစ်လို့ မိုင်းဆတ်မြို့ကို အချိန်မီဝင်ရောက်နိုင်ပါ့မလားဆိုတာကို တွေးပြီး စိတ်ပူပန်နေရတယ်။ မိုင်းတုံနဲ့ မိုင်းဆတ်က ၄၂ မိုင်ကွာဝေးနေသေးတာဖြစ်လို့ မိုင်းဆတ်မြို့ကို ရောက်ရင် ညစာစားသောက်ကြဖို့နဲ့ တည်းခိုဖို့ကို တွေးတောပူပန်လိုက်ရပြန်တယ်။ ဒါကြောင့် ကားဆရာကို ဘယ်လိုလုပ်ရင်ရနိုင်မလဲဆိုပြီး မေးမြန်းကြည့်ရတယ်။ ကားဆရာက ချက်ချင်းဆိုသလို သူတို့မော်တော်ယာဉ်အသင်းရဲ့ မိုင်းဆတ်ဂိတ်ကို ဖုန်းနဲ့ဆက်သွယ်ပြီး မိမိတို့အတွက် ညစာနဲ့ ဟိုတယ်တစ်ခု စီစဉ်ထားပေးဖို့ အကြောင်းကြားထားလိုက်တယ်။

ကားဆရာအကူအညီနဲ့ စကားပြောဆိုပြီးတာနဲ့ ဒီနေ့ညရောက်ရှိမဲ့ မိုင်းဆတ်မြို့မှာ စားဖို့၊ သောက်ဖို့၊ နားနေအိပ်စက်ကြဖို့အတွက် အဆင်ပြေစိတ်အေးသွားတာရယ်၊ လမ်းတစ်လျှောက်လုံး မှောင်မှောင်မည်းမည်းနဲ့ ဘာမှမတွေ့မမြင်၊ လေ့လာကြည့်ရှုစရာမရှိတာရယ်ကြောင့် မျက်စိမှိတ်၊ နောက်မှီပြီး လိုက်ပါလာခဲ့လိုက်တယ်။ ဒီလိုနဲ့ ည ၉ နာရီ မိနစ် ၃၀ ကို ရောက်တဲ့အချိန်မှာ မိုင်းဆတ်မြို့အဝင်ဂိတ်ကိုရောက်လာတယ်။ မြို့အဝင်ဂိတ်မှာ ထွေထွေထူးထူး စစ်ဆေးမခံကြရဘဲ ကားဆရာက ခရီးသည်တင်ယာဉ်ပါ၊ ဘယ်ကားအသင်းကပါဆိုပြီးပြောလိုက်ရုံနဲ့ မိုင်းဆတ်မြို့တွင်းကို ဝင်ရောက်လာနိုင်ခဲ့ကြတယ်။ သွားနေ၊ လာနေ၊ ဖြတ်သန်းနေကျ ကားအသင်းတွေကို ဂိတ်တွေကလဲ သိရှိပြီးဖြစ်နေလို့ပါ။ ကားက မြို့တွင်းကို ဖြတ်သန်းလာခဲ့ပြီး ကားအသင်းဂိတ်နေရာကိုရောက်တော့ ရပ်လိုက်တယ်။ ဒါပေမဲ့ ကားအမိုးပေါ်က ကုန်ပစ္စည်းတွေကို မချသေးဘဲ မိမိတို့အတွက်မှာယူပေးထားတဲ့ ထမင်းဘူးတွေကိုယူ၊ ကျသင့်ငွေပေး၊ကြိုတင်ချိတ်ဆက်ပေးထားတဲ့ ဟိုတယ်အမည်ကိုမေးမြန်းပြီး ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ဟိုတယ်မှာ မိမိတို့အတွက် အောက်ထပ်မှာ မိသားစုအခန်းနှစ်ခန်းကို စီစဉ်ပေးထားတယ်။ နိုင်ငံသားစိစစ်ရေးကတ်တွေပေးရင်း အခန်းခရှင်းတော့ တစ်ခန်းကို မြန်မာငွေကျပ် ငါးသောင်းပေးရတယ်။ ဟိုတယ်မန်နေဂျာရဲ့ ပြောပြချက်အရ အခန်းခကို ထိုင်းဘတ်ငွေနဲ့လဲ ပေးချေလို့ရကြောင်း၊ မိုင်းဆတ်မြို့မှာ ထိုင်းဘတ်ငွေရော၊ မြန်မာကျပ်ငွေရော သုံးစွဲနေကြတယ်။ ဟိုတယ်ကိုရောက်လာတဲ့အချိန်က ည ၁၀ နာရီတိတိ၊ ရေချိုး၊ ထမင်းစားပြီး အိပ်ရာဝင်ကြတဲ့အခါ ၁၁ နာရီထိုးနေပါပြီ။

ဒီတစ်ခေါက် ခရီးစဉ်မှာ ကိုယ်တိုင်ကားမမောင်းရပေမဲ့ ခရီးဝေးလွန်းပြီး တစ်နေကုန် ပင်ပန်းတာကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ရတယ်။ ဒါပြင် နောက်တစ်ရက်မှာ ဆက်လက်သွားရောက်ကြရမဲ့ တာချီလိတ်မြို့ကိုလဲ မနက် ၈ နာရီထိုးမှသွားရောက်ကြရမှာဖြစ်လို့ မနက်စောစောအိပ်ရာထစရာမလိုတော့ဘဲ အေးအေးဆေးဆေးအိပ်စက်ခွင့်ရခဲ့ကြတယ်။ ကားဆရာတွေက ညကတည်းက မနက် ၈ နာရီမှာ တာချီလိတ်ကို သွားကြမှာဖြစ်ကြောင်းနဲ့ တောင်ကြီးမြို့ကတည်းက မိမိတို့စီးလာခဲ့တဲ့ကားတွေနဲ့သာ ဆက်လက်သွားကြရမှာဖြစ်ကြောင်းကို ကြိုတင်ပြောကြားထားတယ်။

နောက်တစ်နေ့ရောက်တော့ မနက် ၆ နာရီကျော် ၇ နာရီလောက်မှ အိပ်ရာထခဲ့ကြပြီး ဆက်လက်ခရီးထွက်ခွာကြဖို့ အဆင်သင့်ဖြစ်တာနဲ့ ဟိုတယ်ရှေ့မှာရှိနေတဲ့ ရှမ်းခေါက်ဆွဲဆိုင်လေးမှာ ခေါက်ဆွဲစားကြရင်း လာကြိုမဲ့ကားကို စောင့်ဆိုင်းနေကြရတယ်။ ဒီတော့မှ ညတုန်းက မှောင်မှောင်မည်းမည်းနဲ့ ဘာမှမမြင်တွေ့ခဲ့ရတဲ့ မိုင်းဆတ်မြို့ကို မြင်တွေ့ခွင့်ရကြတော့တယ်။ မိမိတို့ တည်းခိုနေတဲ့ ဟိုတယ်ကမြို့ရဲ့အစွန်ပိုင်းလောက်မှာပါ။ ဟိုတယ်နဲ့ကပ်လျက်မှာ မိုင်းဆတ်လေယာဉ်ကွင်းရှိနေတယ်။ လေယာဉ်ကွင်းကို နောက်ကျောပေးပြီး မျက်နှာမူရာရှေ့တည့်တည့်ကိုကြည့်လိုက်ရင် မိုင်းဆတ်မြို့ကြီးရှိနေတယ်။ ဟိုတယ်အရှေ့ လမ်းဘေးဝဲယာတစ်လျှောက်မှာလဲ လူနေတိုက်တာအဆောက်အအုံတွေ တန်းစီပြီးရှိနေတယ်။ အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို လမ်းလျှောက်ရင်း လေ့လာကြည့်ရှုချင်ပေမဲ့ ကားလာမဲ့အချိန်က နီးကပ်နေပြီဖြစ်တာကြောင့် မကြည့်ဖြစ်တော့ပါဘူး။

မိုင်းဆတ်ဆိုတာ ရှမ်းဘာသာနဲ့ဖြစ်ပြီး မြန်မာဘာသာနဲ့ဆိုရင် မိုင်းကမြို့၊ ဆတ်ကဖျာ ဖျာကဲ့လို့ ပြန့်ပြူးညီညာသောမြို့ဆိုပြီး အဓိပ္ပာယ်ရနေတယ်။ မိုင်းဆတ်မြို့က မနိမ့်လွန်း၊ မမြင့်လွန်းပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၉၅၀ မှာရှိနေပါတယ်။ မိုင်းဆတ်မြို့ကို အရင်ကလူသိမများခဲ့ပါဘူး။ ဒါပေမဲ့ ကူမင်တန်တွေက မြန်မာနိုင်ငံ မိုင်းဆတ်မြို့ကို ဝင်ရောက်လာခဲ့ကြပြီး မြန်မာနိုင်ငံက ကုလသမဂ္ဂကိုတိုင်ကြားရာကနေ မိုင်းဆတ်မြို့က ကမ္ဘာသိဖြစ်သွားခဲ့ရတယ်။ အဲဒီအချိန်ကာလ ၁၉၅၁ ခုနှစ် ဩဂုတ် ၁၅ ရက်က ကူမင်တန်တွေကို နဂါးနိုင်စစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေးတွေနဲ့ နှိမ်နင်းခဲ့ရတယ်လို့ မြို့သမိုင်းမှာဖော်ပြထားတာကို တွေ့ရတယ်။ မိုင်းဆတ်မြို့နဲ့ ပတ်ဝန်းကျင်ဒေသတွေမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေက တော်တော်စုံပါတယ်။ လားဟူ၊ အာခါ၊ ရှမ်း၊လီရှော၊ ဝ၊ ဗမာတွေနဲ့ ခနု၊ ပလောင်၊ ပအို့ဝ်တွေ အနည်းငယ်စီရှိကြောင်း သိထားရတယ်။

တာချီလိတ်မြို့ကို ဆက်လက်သွားရောက်ကြဖို့အတွက် မိမိတို့လိုက်ပါစီးနင်းရမဲ့ အမြန်ယာဉ်ငယ်ကားလေးတွေက မနက် ၈ နာရီ မထိုးခင် မိနစ်ပိုင်းအလိုမှာ ရောက်ရှိလာကြတယ်။ ကားတွေရောက်ရောက်ချင်း ပစ္စည်းတွေတင်၊ ဟိုတယ်အခန်းတွေအပ်ပြီးမှ မိုင်းဆတ်မြို့ကနေ ထွက်ခွာလာခဲ့ကြတယ်။ အချိန်က မနက် ၈ နာရီ ၁၅ မိနစ် ရှိနေပါပြီ။ ကားလေးတွေက ဟိုတယ်ကနေ စတင်ထွက်ခွာလာပြီး လေယာဉ်ကွင်းဘေးလမ်းအတိုင်း မောင်းနှင်နေကြတယ်။ လေယာဉ်ကွင်းကို ကျော်လွန်လာတာနဲ့ လမ်းဘေးမှာ ညီညာပြန့်ပြူးတဲ့ လယ်ကွင်းစိမ်းစိမ်းတွေကိုတွေ့မြင်လာရတယ်။ မကြာခင်မှာ မြို့အထွက်နေရာလို့ဖြစ်မယ်ထင်ရတဲ့ ဂိတ်စခန်းတစ်ခုကိုရောက်လာခဲ့ကြတယ်။ ဂိတ်ဝန်းကျင်မှာ မော်တော်ယာဉ်လိုင်းပေါင်းစုံက ခရီးသည်တင်ကားတွေ၊ ကုန်တင်ကားတွေ၊ လူစီးကားလေးတွေကို အများအပြားတွေ့မြင်နေရတယ်။ ဂိတ်ကိုဖြတ်သန်းသွားလာကြဖို့အတွက် အစစ်ဆေးခံနေကြရတာနဲ့တူပါတယ်။ မိမိတို့ကားလေးက အချိန်အနည်းငယ်လောက်သာစောင့်ဆိုင်းခဲ့ရပြီး ဂိတ်ကိုကျော်ဖြတ်လာနိုင်ခဲ့ကြတယ်။

မိုင်းဆတ်မြို့နဲ့ တာချီလိတ်မြို့က မိုင် ၆၀ ကျော် ဝေးကွာနေပါသေးတယ်။ ကားဆရာက တာချီလိတ်မြို့ကို မွန်းတည့် ၁၂ နာရီမထိုးမီရောက်ရှိနိုင်မှာဖြစ်ကြောင်း ပြောပြနေတယ်။ မိမိတို့စီးနင်လိုက်ပါလာကြတဲ့ အမြန်ယာဉ်ငယ်ကားလေးတွေက ရှေ့ဆင့်နောက်ဆင့်ဆိုသလို တန်းစီပြီး တာချီလိတ်မြို့ရှိရာကို ဦးတည်မောင်းနှင်နေကြပါပြီ။

**သက်နိုင်(ပြင်ဦးလွင်)**

# ဗိုက် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလအတွင်း တစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်




**ရန်ကုန် အောက်တိုဘာ ၁၇**

အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ဗိုက် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလအတွင်း တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ရှင်မွေလက ပြောပြ၍ သိရသည်။

ဗိုက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရာဇဝင်ကိုက ရေးသားထားပြီး ကြယ်စုသစ်က ဇာတ်ညွှန်း ရေးသားထားကာ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အချစ်ဟာသဇာတ်မြူးလေးပါ။ ဟာသဇာတ်မြူးဆိုပေမဲ့ ကိုယ်ဝန်လွယ်ထားရတဲ့ မိခင်လောင်းတွေရဲ့ ကြီးမားလှတဲ့ မေတ္တာတရားကို မြင်ရမှာပါ" ဟု သရုပ်ဆောင် ရှင်မွေလက ပြောပြသည်။

ဗိုက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ရှင်မွေလ၊ ဝီလီ၊ မင်းပိုင်၊ မြတ်ကေသီအောင်၊ လီလီကျော်ခိုင်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Song Sung Blue ဒရာမာဇာတ်ကား၌ ဟက်ဂျက်မင်းနှင့် ကိတ်ဟက်ဆန်တို့ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၇**

Focus Features ရုပ်ရှင်ကုမ္ပဏီ၏ Song Sung Blue အမည်ရှိ ဂီတဇာတ်မြူးဒရာမာဇာတ်ကားသစ်တွင် မင်းသား ဟက်ဂျက်မင်းနှင့် မင်းသမီး ကိတ်ဟက်ဆန်တို့ ပါဝင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် အမေရိကန် ဂီတပညာရှင် နေးဒိုင်းမွန်းကို ဂုဏ်ပြုသည့်အနေဖြင့် ဂီတဝိုင်းတစ်ဝိုင်း တည်ဆောက်ရန် ၎င်းတို့၏အိပ်မက်များကို အကောင်အထည်ဖော်၍ ကြိုးစားခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Song Sung Blue ဇာတ်ကား၏အဓိကသရုပ်ဆောင် ဂီတပညာရှင် နှစ်ဦးအဖြစ် ဟက်ဂျက်မင်းနှင့် ကိတ်ဟက်ဆန်တို့က သရုပ်ဆောင်မည်ဖြစ်ပြီး Hustle and Flow ဒါရိုက်တာ ချိတ်ဘရူဝါက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၀၈ ခုနှစ်တွင် ရိုက်ကူးခဲ့သည့် Song Sung Blue အမည်ရှိ မှတ်တမ်းရုပ်ရှင်ဇာတ်ကားကို အခြေခံ၍ ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးရန် Focus Features ကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# သူ့ကိုမှ ချစ်မိသည် ရုပ်သံဇာတ်လမ်းတွဲကို Fortune TV ရုပ်သံလိုင်းမှ အောက်တိုဘာလအတွင်း ထုတ်လွှင့်တင်ဆက်သွားမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

သူ့ကိုမှ ချစ်မိသည် ရုပ်သံဇာတ်လမ်းတွဲကို Fortune TV ရုပ်မြင်သံကြားလိုင်းမှ အောက်တိုဘာလအတွင်း ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချမ်းမင်းရဲထွဋ်က ပြောပြ၍ သိရသည်။

သူ့ကိုမှ ချစ်မိသည် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို Skyward Art Team နှင့် Ko Set တို့က ရေးသားထားပြီး ဒါရိုက်တာ မင်းဆက်က တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

"ဒီကားထဲမှာ ကျွန်တော်က CEO ဇာတ်ရုပ်ကနေ သရုပ်ဆောင်ရတော့ အဝတ်အစားတွေကအစ သေချာလေး ပြင်ဆင်ထားတယ်။




လူငယ်တွေကြားထဲမှာ ဖြစ်ပျက်တတ်တဲ့ အချစ်ကားလေးပါ။ အချစ်ကားဆိုပေမဲ့ ကိုရီးယားဆန်ဆန်လေး သွားထားတယ်။ ကျွန်တော်က ဒီဇာတ်ကားမှာ ပေးဆပ်တဲ့အချစ်၊ မြိုသိပ်ထားရတဲ့အချစ်ကိုမှ ဖြူစင်တဲ့အချစ်တွေရှိနေတဲ့ ခွန်သာမြတ်သူဆိုတဲ့ ဇာတ်ရုပ်နဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်"ဟု သရုပ်ဆောင် ချမ်းမင်းရဲထွဋ်က ပြောပြသည်။

သူ့ကိုမှ ချစ်မိသည် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ချမ်းမင်းရဲထွဋ်၊ ညိမ်းသော်၊ မေမီကိုကို၊ သံသာညီ၊ စိုးမိုးကြည်နှင့် အနုပညာရှင်များစွာ ပါဝင်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် မိနစ် ၃၀ စာ အပိုင်း ၂၀ ပါဝင်ကြောင်း သိရသည်။ ASH

# ၉၇ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲအတွက် La Luna ဇာတ်ကားကို စင်ကာပူနိုင်ငံတင်သွင်း

**စင်ကာပူ အောက်တိုဘာ ၁၇**

၉၇ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် La Luna အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို နိုင်ငံကိုယ်စားပြု ဇာတ်ကားအဖြစ် စင်ကာပူနိုင်ငံက ရွေးချယ်ထားကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။

La Luna ဇာတ်ကားသည် စင်ကာပူနှင့် မလေးရှားပူးတွဲ ထုတ်လုပ်ထားသည့်ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ရှေးရိုးစွဲဆန်ကျသည့် ကျေးရွာတစ်ရွာ၌ အမျိုးသမီးအောက်ခံအဝတ်အစားအရောင်းဆိုင်ဖွင့်ခဲ့သည့် အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဟာသဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို စင်ကာပူ ဒါရိုက်တာ အမ်ရိုင်ဟန်ဟာလင်က ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ အမ်ရိုင်ဟန်ဟာလင်သည် La Luna ဇာတ်ကားကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သော တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသခဲ့ရာ ပရိသတ် အားပေးမှုအထူးရရှိခဲ့သည်။

၉၇ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲအကောင်းဆုံး နိုင်ငံတကာဇာတ်ကားဆု ဆန်ကာတင်စာရင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Miss Tourism of the Globe 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် အလှမယ် သင်ဇာချမ်းမြေ့ ဝင်ရောက်ယှဉ်ပြိုင်နေ

**ရန်ကုန် အောက်တိုဘာ ၁၇**

တရုတ်နိုင်ငံတွင် ကျင်းပမည့် Miss Tourism of the Globe 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် Miss Tourism of the Globe Myan- mar – MTGM 2024 အလှမယ် သင်ဇာချမ်းမြေ့ ဝင်ရောက်ယှဉ်ပြိုင်နေကြောင်း သိရသည်။

အဆိုပါ Miss Tourism of the Globe 2024 ပြိုင်ပွဲကြီးကို တရုတ်နိုင်ငံ အလယ်ပိုင်းဒေသရှိ Xi'an မြို့နှင့် အနောက်မြောက်ပိုင်းဒေသရှိ Zhangye မြို့တို့တွင် အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြိုင်ပွဲက တရုတ်နိုင်ငံကမြို့နှစ်မြို့မှာ ကျင်းပမှာဖြစ်တဲ့အတွက် နှစ်မြို့စလုံးကို သွားရောက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဲဒီမြို့တွေနဲ့ဆိုင်တဲ့ ဒေသန္တရဗဟုသုတတွေလဲ သိအောင်လုပ်ထားပါတယ်။ မြန်မာနိုင်ငံအတွက် အကောင်းဆုံးယှဉ်ပြိုင်မှာ ဖြစ်ပါတယ်"ဟု အလှမယ် သင်ဇာချမ်းမြေ့က ပြောပြသည်။

တရုတ်နိုင်ငံရှိ မြို့နှစ်မြို့တွင် အောက်တိုဘာ ၁၇ ရက်မှစတင်ကာ ကျင်းပနေသည့် Miss Tour- ism of the Globe 2024 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ ASH

# Farmers finish cultivation of sunflower plants this monsoon



A thriving sunflower plantation.

**Monywa October 17**

According to the statistics of Monywa District Agriculture Department, a total of 9,537 acres of sunflower have been planted in Monywa District of Sagaing Region this monsoon.

The district earmarked 9,595 acres of sunflower this monsoon but local farmers have grown 945 acres of sunflower in Monywa Township, 5,712 acres in Budalin Township, 2,630 acres in Ayadaw Township and 250 acres in ChaungU Township, totalling 9,537 acres, against the target cultivation.

Daw San San Myint, Head of Monywa District Agriculture Department revealed: "Farmers have planted 9,537 acres of sunflower out of targeted 9,595 acres this monsoon. They continue cultivation of sunflower on the croplands, It aims to reduce import of palm oil. In production of oil, sunflower exceeds production of oil volume more than groundnut and sesame."

In 2024-25 monsoon, Monywa Township planned to grow 924 acres of sunflower, Budalin township 5,706 acres, Ayadaw Township 2,737 acres and ChaungU Township 228 acres, totalling 9,595 acres.

Relevant township Agriculture Departments conduct training courses for local farmers and agricultural staff to enhance their capacity in growing sunflower in the regions so as to produce booted per-acre yield.

Relevant departments have arranged sales of quality strains of sunflower seeds and urea fertilizers at reduced prices and exchange of quality sunflower seeds among farmers.

206

# 20 dead after consuming illicit liquor in east India

**New Delhi October 17**

At least 20 people have died, and several others have been hospitalized over the past three days after allegedly consuming illicit liquor in India's eastern state of Bihar, confirmed a top police official over phone.

While 15 deaths were reported from the state's Siwan district, five persons died in Saran district.

Confirming the number of deaths due to consumption of illicit liquor, Bihar's Director General of Police Alok Raj told media that a total of 12 people had been arrested till now over the charge of supplying illicit liquor.

Meanwhile, some online media reports claimed that the death toll had reached up to 36.

Bihar witnesses a ban on sale and consumption of liquor since April 2016 when it was declared a "dry state." However, liquor continues to be sold across the state through illegal means. Similar deaths had been reported from the state in the past.

In April 2023, 26 people had died due to consumption of spurious liquor in Bihar's Motihari district. In December 2022, 71 had lost their lives in the Chhapra district. In March 2022, 12 people had died in Banka district, while in November 2021 as many as 43 people had died after consuming poisonous liquor in Gopalganj, Bettiah and Muzaffarpur districts.

Xinhua

# More than 1,000 acres of chilli planted in Yinmabin District

**Yinmabin October 17**

Statistics of Yinmabin District Agriculture Department stated that a total of 1,264 acres of chilli has been planted in Yinmabin District of Sagaing Region this monsoon.

The district earmarked cultivation of 1,095 acres of chilli in monsoon but local farmers have so far planted 1,264 acres of chilli exceeding the target cultivation.

Daw Myat Moe Win, Head of Yinmabin District Agriculture Department disclosed: "Local farmers exceeded cultivation of chilli on 1,264 acres of croplands more than the target of 1,095 acres. Chilli plantations are thriving in the district. Our department encourages local farmers to grow chilli on a commercial scale."

This year, Yinmabin Township planted 401 acres of chilli, Kani Township 156 acres, Salingyi Township 685 acres and Pale Township 22 acres, totalling 1,264 acres.

In 2024-25 monsoon season, local authorities earmarked cultivation of 385 acres of chilli Yinmabin Township, Salingyi Township 690 acres and Pale Township 20 acres, totalling 1,095 acres.



A chilli plantation in Yinmabin district.

Officials of the relevant district and township[ Agriculture Department share agricultural techniques with local farmers to combat pests and improve fertile soil.

Farmers need to spend K1.5 million of growing chilli per acre for own land and K2.5 million per acre for rented land. Chilli can be harvested once every 15 days till six months. It yields some 100 viss per acre in initial week and then, it produces 400-500 viss of chilli fruits per acre.

206

# Chinese envoy calls for upholding, revitalizing effectiveness of UN Security Council resolutions

**New York October 17**

The effectiveness of UN Security Council resolutions should be upheld and revitalized, China's permanent representative to the United Nations said at the Security Council briefing on the situation in the Middle East, including the Palestinian question.

The Security Council has adopted a number of resolutions regarding the situation in Gaza, explicitly calling for a ceasefire. "But none of them has been effectively implemented," Fu Cong told the emergency meeting on the humanitarian situation in the Gaza Strip.

"This has dealt a serious blow to the credibility of the entire UN system," Fu said, stressing that Council resolutions are binding for all states and must be implemented.

The ambassador said China supports the Council in using all the options in its toolbox to ensure the implementation of its resolutions, and every member has the responsibility to safeguard the effectiveness of Council resolutions.

Xinhua



This photo taken on Oct. 16, 2024 shows a UN Security Council emergency meeting on the humanitarian situation in the Gaza Strip at the UN headquarters in New York.

# More than 12,000 acres of monsoon peanut planted in Kyaukmyaung

**Kyaukmyaung October 17**

Kyaukmyaung Sub-Township of Shwebo District in Sagaing Region has completed cultivation of 12,850 acres of monsoon peanut plants, according to the sub-township agriculture department.

Local farmers finished cultivation of 12,850 acres of monsoon peanut against the target of 12,867 acres in 2024-25 monsoon season.

Daw Khin Win, Head of Kyaukmyaung Agriculture Department commented: "So far, local farmers have planted 12,850 acres of monsoon peanut against the target of 12,867 acres. They are trying hard to meet the target. Oil crops are thriving in the region. Number of sown acreage of peanut is on the increase year by year."

Local farmers use 1.5 baskets of quality peanut seeds per acre and cost more than K200,000 per acre for seeds, labour charge, fertilizer and pesticide. Each acre of peanut produces more than 50 baskets of peanut seeds.

This year, staff members of the relevant agriculture department make field trips to check peanut plantations and weed the plantations with prevention of pests so as to boost per-acre yield of crops.

206

# Yinmabin District completes cultivation of more than 16,000 acres of sunflower in monsoon



A sunflower plantation.

**Yinmabin October 17**

The statistics of Yinmabin District Agriculture Department showed that a total of 16,086 acres of sunflower has been planted in Yinmabin District of Sagaing Region this monsoon.

In this regard, the district earmarked 16,250 acres of sunflower but local farmers in Yinmabin Township planted 7,769 acres of sunflower, Kani Township 3,887 acres, Salingyi Township 1,210 acres and Pale Township 3,220 acres, totalling 16,086 acres against the target cultivation.

Daw Myat Moe Win, Head of Yinmabin District Agriculture Department unveiled: "We planned to grow 16,250 acres of sunflower but local farmers have planted 16,086 acres against the target. They continue cultivation of sunflower on more croplands. It aims to reduce import of palm oil. So, they expand sown acreage of sunflower. Sunflower yields more volume of oil in production rather than groundnut and sesame."

In 2024-25 monsoon, Yinmabin Township earmarked cultivation of 7,941 acres of sunflower, Kani Township 3,939 acres, Salingyi Township 1,150 acres and Pale Township 3,220 acres, totalling 16,250 acres.

Officials of relevant agriculture departments conduct training courses for farmers and agricultural staff to enhance their capacity to grow sunflower in respective townships.

Relevant township Agriculture Departments supply quality strains of crops and urea fertilizers to local farmer. Moreover, officials arrange exchange of quality strains of sunflower seeds among farmers. 206

# Farmers in YeU District to grow more than 43,000 acres of chickpea in coming winter

**YeU October 17**

YeU District Agriculture Department stated that a total of 43,750 acres of croplands will be placed under chickpea in YeU District of Sagaing Region in coming winter.

With regard to planning to grow the corps in 2024-25 winter season, YeU Township will grow 9,270 acres of chickpea, Taze Township 25,997 acres and Dabayin Township 8,483 acres, totalling 43,750 acres.

U Zaw Myint Tun, Head of YeU District Agriculture Department stated: "We earmarked cultivation of more than 43,000 acres of chickpea in coming cold season. So, we will strive for meeting the target cultivation. Sown acreage of chickpea is on the rise year by year. We planned to provide quality strains of crops, agricultural inputs and post-harvest technology to local farmers."

Local farmers prefer to grow high yield Yezin-8 and Yezin-11 strains. They cost more than K300,000 per acre for growing chickpea.



A chickpea plantation.

The agriculture department cooperates with local farmers in boosting per-acre yield of crops with distribution of quality strains of crops and inputs, urging farmers to use Trichoderma fangus.

Sagaing Region produces the large volume of pulses and beans as primary crops, and local farmers grow beans as mixed-cropp as well as separate crops to earn increased incomes. 206

# ChaungU Township cultivates over 2,000 acres of rain-fed sesames

**ChaungU October 17**

A total of 2,168 acres of rain-fed sesames have been planted in this year rain crops planting season in ChaungU Township, Monywa District, Sagaing Region, according to statistics from the Department of Agriculture for ChaungU Township.

During the 2024-2025 rain crops planting season, 3,600 acres of sesames are planned to be planted in ChaungU Township, and since May of this year, 2,168 acres have been planted.

"We are working to meet the rain sesame acreage target. We are also working to increase the number of acres of sesame planted, improve yields, and plant with GAP methods," said Daw Khin Myat Myat Oo, head of the Department of Agriculture for ChaungU Township.

This year, the township Department of Agriculture has been providing knowledge to the farmers growing sesame in ChaungU Township on how to expand sesame cultivation, to plant using GAP methods, to plant good varieties, and to plant varieties with good yields. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Straw mushroom in high demand at Kyaiklat Township market

**Kyaiklat October 17**

Straw mushrooms produced from Kyaiklat Township in Ayeyawady Region are in high trading, said Daw Thet Thet, the owner of greengrocery trading commodity in Kyaikla Township.

Demand is raising in trading of straw mushroom in green grocery market in Kyaiklat Township from the first week of September to date. The product is sold from 30 to 50 viss per day.

Daw Thet Thet commented: "Local growers and businesspersons sell domestic products at local market as well as Yangon market. Now, high demand of straw mushroom is in good trading. So, local businesspersons and farmers can earn increased incomes for their families. The farmers plan to expand their cultivation of straw mushroom."

In Kyaiklat Township market, straw mushroom fetches K16,500 per viss. The mushrooms from Kyaiklat Township are high quality with free from chemical residue. Kyaw Kyaw Lin



Various kinds of straw mushrooms.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက SKAT 350M အဆင့်မြင့်ဒရုန်းကို စတင်ထုတ်လုပ်ရန် အဆင်သင့်ဖြစ်နေ



ရုရှားနိုင်ငံ Kalashnikov Group လက်အောက်ခံ Izhevsk Aviation Plant LLC (IAZ) က တီထွင်ထုတ်လုပ်ထားသည့် SKAT 350M အဆင့်မြင့်ဒရုန်းစနစ်ကို ရုရှားဖက်ဒရေးရှင်းတွင် ထုတ်လုပ်မည့် ကုန်ပစ္စည်းများစာရင်းတွင် တရားဝင် ထည့်သွင်းထားလိုက်ပြီ ဖြစ်ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၁၇ ရက် ရုရှားနိုင်ငံအစိုးရ၏ ဆုံးဖြတ်ချက်အမှတ် ၇၁၉ အရ ပုဂ္ဂလိကတင်ဒါခွင့်ပြုချက်ရရှိခဲ့သော SKAT 350M ဒရုန်းသည် အစိုးရထံမှ အမှာစာများကို စီမံအကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ပြီး ရုရှားနိုင်ငံ၏ ပြည်တွင်းဒရုန်းစက်မှုလုပ်ငန်းအတွက် တိုးတက်ဖွံ့ဖြိုးမှုကို တွေ့မြင်နိုင်သည်။

ရုရှားနိုင်ငံတွင် ထုတ်လုပ်သည့် ထုတ်ကုန်တစ်ခုအဖြစ် အသိအမှတ်ပြုခံရသည့် ဒရုန်းစနစ်၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်ကြောင်း အတည်ပြုထားသည့် ကျွမ်းကျင်သူများ၏ အစီရင်ခံစာကို Udmurt Republic စီးပွားရေးနှင့်စက်မှုလုပ်ငန်းအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

SKAT 350M ဒရုန်းသည် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးပံ့ပိုးမှုများ အပါအဝင် တာဝန်အမျိုးမျိုးအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အဆင့်မြင့် လေကြောင်းနည်းပညာများ၊ ခေတ်မီဆန်းသစ်သော ဆက်သွယ်ရေးစနစ်များ တပ်ဆင်ထားကာ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် Payload မျိုးစုံသယ်ဆောင် အသုံးပြုနိုင်သည်ဟု ယုံကြည်ရသည်။ ဒရုန်းသည် ထောက်လှမ်းရေး အချက်အလက်များ စုဆောင်းခြင်းအတွက် ကျယ်ပြန့်စွာလွှမ်းခြုံထားနိုင်စေရေး အကွာအဝေး စွမ်းဆောင်ရည်များ တိုးမြှင့်လုပ်ဆောင်ပေးထားသည်။

ထုတ်လုပ်ရန် တရားဝင်မှတ်ပုံတင်ခြင်းတွင် SKAT 350M ဒရုန်းပါဝင်လာမှုသည် မဟာဗျူဟာမြောက်သက်ရောက်မှုများစွာရှိသည်။ ရုရှားစစ်ဘက်အတွက် ၎င်းသည် စွမ်းဆောင်ရည်မြင့် ပြည်တွင်းထုတ် ဒရုန်းကိုပေါင်းစပ်အသုံးပြုနိုင်ရန် အခွင့်အလမ်းတစ်ခုဖြစ်ပြီး စစ်မြေပြင်အခြေအနေဆိုင်ရာ ကြိုတင်သတိပေးရေးနှင့်တိုက်ပွဲဝင်ထိရောက်မှုတို့ကို အဆင့်မြှင့်တင်ရန် အခွင့်အရေးတစ်ခုဖြစ်သည်။

ရုရှားနိုင်ငံ Izhevsk Aviation Plant သည် လေယာဉ်ထုတ်လုပ်ရေးတွင် ရှည်လျားသောသမိုင်းကြောင်းရှိပြီး မကြာသေးမီက မောင်းသူမဲ့စနစ်များကို တီထွင်ထုတ်လုပ်ရန် အာရုံစိုက်လာခဲ့သည်။ အလိုအလျောက် ပစ်ခတ်နိုင်သော လက်နက်များနှင့် တိကျပဲ့ထိန်းလက်နက်များ ထုတ်လုပ်နေသည့် ရုရှားနိုင်ငံ Kalashnikov Group ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သော အဆိုပါစက်ရုံသည် အတွေ့အကြုံများသော ကျွမ်းကျင်မှုနှင့် ကာကွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအမြစ်များပေါကြွယ်ဝမှုမှ အကျိုးကျေးဇူးများ ခံစားရရှိနိုင်လိမ့်မည်ဖြစ်သည်။

SKAT 350M ဒရုန်းကဲ့သို့သော ဒရုန်းများကို စစ်မှုရေးရာများတွင် အသုံးပြုလာနိုင်ခြင်းသည် နေရာစုံတွင် မောင်းသူမဲ့စနစ်များ ကျယ်ပြန့်စွာအသုံးပြုနေသည့် ကမ္ဘာလုံးဆိုင်ရာ လမ်းကြောင်းတစ်ရပ်ကို လိုက်ပါလုပ်ဆောင်နေခြင်းလည်း ဖြစ်သည်။

SKAT 350M ဒရုန်းတရားဝင်ထုတ်လုပ်ခွင့်ရရှိလာမှုသည် ရုရှားနိုင်ငံ၏ထုတ်လုပ်မှုစံနှုန်းများကို လိုက်နာလျက်ရှိကြောင်း သက်သေပြနေသည်။ SKAT 350M ဒရုန်း၏ ရုရှားပြည်တွင်း၌ ထုတ်လုပ်သော ထုတ်ကုန်များ တရားဝင်မှတ်ပုံတင်စာရင်းတွင် ပါဝင်ခွင့်ရရှိလာခြင်းသည် အရေးကြီးသောခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။ ၎င်းသည် ပြည်တွင်းထုတ်နည်းပညာများမှတစ်ဆင့် နိုင်ငံ၏စစ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် ရုရှားနိုင်ငံ၏ကြိုးပမ်းအားထုတ်မှုတစ်ရပ်ပင်ဖြစ်သည်။

**Russia is Ready to Start Production of SKAT 350M an Advanced Unmanned Aerial Vehicle** ကို ဘာသာပြန်ဆိုထားပါသည်။

## တူကီယဲနှင့်ဆားဗီးယားတို့ ဒရုန်းနည်းပညာကိုအဓိကထား၍ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် လက်မှတ်ရေးထိုး

တူကီယဲသမ္မတ Recep Tayyip Erdoğanနှင့် ဆားဗီးယားသမ္မတAleksandarVučićတို့သည် Belgrade မြို့တော်သို့ တရားဝင် လာရောက်လည်ပတ်စဉ် ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ကြေညာခဲ့သည် ဟု Army Recognition သတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသဘောတူညီချက်တွင် တူကီယဲနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာခေါင်းဆောင်ဖြစ်လာသော ကဏ္ဍတစ်ခုဖြစ်သည့် ဒရုန်းများကိုအာရုံစိုက်ကာ စစ်ရေးနည်းပညာတွင် ပူးတွဲကြိုးပမ်းမှုများပါဝင်လာသည်။ ရေပန်းစားကျော်ကြားသော Bayraktar TB2 တိုက်ခိုက်ရေးဒရုန်းများ အပါအဝင် တူကီယဲနိုင်ငံ၏ ဒရုန်းနည်းပညာသည် ဤပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း တူကီယဲသမ္မတ Erdoğan က အလေးပေးပြောကြားခဲ့သည်။

ဘော်လ်ကန်ဒေသတွင်းနိုင်ငံ အများအပြားသည် တူကီယဲနိုင်ငံထံမှ Bayraktar TB2 ဒရုန်းများဝယ်ယူခဲ့ပြီးဒေသတွင်းနှင့် တူကီယဲနိုင်ငံတို့ကြားတွင် ကြီးထွားလာနေသော စစ်ရေးအရဆက်ဆံရေးကို ရောင်ပြန်ဟပ်လျက်ရှိသည်။ ၎င်း၏ ကာကွယ်ရေးစွမ်းရည်များ အားကောင်းစေရန် လုပ်ဆောင်နေသည့် ကိုဆိုဗိုနိုင်ငံသည် Bayraktar TB2 ဒရုန်းပထမအသုတ်ကို ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် လက်ခံရရှိခဲ့သည်။ ယခုဝယ်ယူမှုသည် ဆားဗီးယားနှင့် တင်းမာမှုများကြားတွင် မဟာဗျူဟာမြောက် အရွှေ့တစ်ခုအဖြစ် ရှုမြင်ထားသည်။ ကိုဆိုဗိုက ဒရုန်းမည်မျှဝယ်ယူခဲ့သည်ကို အတိအကျ မသိရသော်လည်း ဒရုန်းငါးစင်း ဝယ်ယူခဲ့ကြောင်း သတင်းများ ထွက်ပေါ်နေပြီဖြစ်သည်။

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတို့သည် မကြာသေးမီက တူကီယဲနိုင်ငံထံမှ ယခုနှစ်အတွင်း အနည်းဆုံး Bayraktar TB2 ဒရုန်းခြောက်စင်းဝယ်ယူရန် အမှာစာပေးပို့ခဲ့ကြသည်။ ဤလှုပ်ရှားမှုများသည် ဘော်လ်ကန်ဒေသ၏ ရှုပ်ထွေးနက်နဲသော လုံခြုံရေးဆိုင်ရာ အပြောင်းအလဲများကြားတွင် သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ၎င်းတို့၏ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းလာခဲ့ကြခြင်း လည်းဖြစ်သည်။

ဘော်လ်ကန်ဒေသတွင် တူကီယဲနိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများရောင်းချမှုသည် စီးပွားရေးအရ တွန်းအားတစ်ခုအဖြစ်သာမက တူကီယဲ၏ ဒေသတွင်းဩဇာလွှမ်းမိုးမှုကိုမြင့်မားကောင်းမွန်လာစေရန်လည်း ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်။ အများစုမှာ NATO အဖွဲ့ဝင်များသို့မဟုတ် NATO အဖွဲ့အပေါ် လိုလားသူများဖြစ်သည့် ဘော်လ်ကန်ဒေသနိုင်ငံများသည် တူကီယဲနိုင်ငံ၏ စစ်ဘက်နည်းပညာကို ၎င်းတို့၏လုံခြုံရေးမူဘောင်များအတွင်း ထပ်လောင်းစွမ်းအားများအဖြစ် ပေါင်းထည့်လိုကြသည်။ ဘော်လ်ကန်ဒေသရှိ တူကီယဲနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းမူဝါဒသည် စီးပွားရေးမဟာဗျူဟာ၊ ပထဝီနိုင်ငံရေးရည်မှန်းချက်နှင့် စစ်ရေးဩဇာတို့အပေါ် မူတည်တွက်ချက်ထားသော ပေါင်းစပ်မှုတစ်ခုဖြစ်သည်။



**Turkiye and Serbia Sign Defense Cooperation Agreement Focused on Drone Technology** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၀၆၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၀၆၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၁၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ဧက ၉၆၀ နှင့်ထီးချိုင့်မြို့နယ်တွင် ၁၀၅ ဧက စုစုပေါင်း ၁၀၆၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ကသာခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပဲစင်းငုံဧက ၂၁၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၀၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံစိုက်ပျိုးရန်အတွက်မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၂၀၇၅ ဧကနှင့် ထီးချိုင့်မြို့နယ်တွင် ၂၅ ဧက စုစုပေါင်း ဧက၂၁၀၀တို့ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ပဲစင်းငုံ စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးထံမှ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပန်းခရု ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပန်းခရုပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ပန်းခရု ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ပန်းခရု ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ပန်းခရုတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရုပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ လပွတ္တာမြို့နယ်က ထွက်တဲ့ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေပါတယ်။ ပန်းခရုတွေ အရောင်းအဝယ် ကောင်းလာတော့ ရေလုပ်ငန်းရှင်တွေအဆင်ပြေနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရု တစ်ပိဿာလျှင်ငွေကျပ်၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ဒေသထွက် ပန်းခရုများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် ရေထွက်ကုန် အရောင်းအဝယ် လုပ်ကိုင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှား လိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်လာကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ အောက်တိုဘာ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူရက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားသည်။

ယခုဘဏ္ဍာနှစ်တွင် သဲပုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၅၂ ဦးကို ငွေကျပ် ၁၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၅ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၇-၁၀-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်ကြီး၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြစ် စည်ကားလျက်ရှိစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်အတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိစဉ်။

ရှေ့ဖုံးမှအဆက်

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ၎င်းပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီး အဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာ အကအလှဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေ

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **"မဟာဂီတ"**တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"ဆီးနှင်းပြိုက်ကျ"** (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"မြိုင်ဟေမာ"**(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**"ကာလပေါ်"** တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကယားပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်



နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက"ယောကျ်ားဆုပန်" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက်၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"သန္တာ့ဦးစ"** သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာ အသုံးပြု၍ ကကြိုးကကွက် စုံလင်စွာဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာအကအလှများကို ပေါ်လွင်စေသည့် ကကြိုးကကွက်များဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြရာ လာရောက်ကြည့်ရှုအားပေးကြသည့် အနုသုခုမပညာရပ်ကိုစိတ်ဝင်စားကြသော ပြည်သူများဖြင့် စည်ကားခဲ့သည်။





အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"အောင်မင်္ဂလာ"** (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"မှော်ရုံဟောဝန်"**(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

တယောအတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"စိန်ကြောင်နီလာ"**(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က **"စိန်ကြောင်နီလာ"**(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသ



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီး၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

ဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ခြင်း၊ မီးရောင်စုံများတပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော်ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများ လာရောက်အနားယူ အပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

ကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မှန်ရဝေ”(ပတ်ပျိုး)”** သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မှန်ရဝေ”(ပတ်ပျိုး)”**သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ပလွေပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ယမုံနာ”**(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ဧယျာမြို့”** (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**“ကျွန်းကျွန်းပိုင်သ”** (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ကြံကြံဖန်ဖန်”**(ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“လှဲ့လှဲ့စိမ်းရောင်”** (ကြိုး) သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သီရိဟံသာရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် **“မဟာဇနက”**ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းမြို့ဂုဏ်ရည်ဇာတ်သဘင်အဖွဲ့ကမူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုငိုပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။












ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒေါက်တာဘရွှေနှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလှိုင်၊ဦးအောင်ကျော်ဟိုး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏အုပ်ထိန်းသူများ၊မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးတွင် **“မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်းစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး”**ဆိုသည့် မူဝါဒရည်မှန်းချက်များချမှတ်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေးအတီးပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသားအားလုံးပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ငွေရတုမှတ်တိုင်ကိုစိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည် မြန်မာလူမျိုးတို့၏ဇာတိသွေး၊ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှုတစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင်လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများကို ပြန်လည်ကောက်ခံပေးသွားမည်

❖ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ပါသည်။

❖ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများကို ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

❖ ဖုန်းနံပါတ်- ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်း အကြောင်းကြားနိုင်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၇**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာစံပြကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အလုံးစုံပျက်စီး၍ အသစ်တည်ဆောက်မည့်နေအိမ် ပန္နက်တင်ပြန်လည်တည်ဆောက်နေမှုနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးမှုပြင်ဆင်နေသည့် နေအိမ်များကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တွန်းအားပေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေအိမ်ထိခိုက်ပျက်စီးသွားသော ရွာသူ၊ ရွာသားများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး ယနေ့စတင်ဆောက်လုပ်မည့်အိမ်အတွက် ပန္နက်ရိုက်ခြင်း၊ တိုင်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တစ်စိတ်တစ်ပိုင်း ပြင်ဆင်ပေးရမည့်အိမ်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏အစီအစဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် သုံးခုအတွင်းမှ ကျေးရွာလေးရွာရှိ ရေဘေးသင့်နေအိမ်များအနက် အလုံးစုံပြန်လည်ပြင်ဆင်ရမည့် နေအိမ် ၃၄ လုံး၊ တစ်စိတ်တစ်ပိုင်းပြင်ဆင်ခြင်း ၁၀ လုံး စုစုပေါင်း ၄၄ လုံးကို အလှူရှင် CB Bank ဥက္ကဋ္ဌ၏ လှူဒါန်းငွေကျပ်သိန်း ၃၀၀၀ ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယင်းနောက် အေးမြင့်သာယာကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အရင်းအနှီးများ မတည် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်ခံရမှုကြောင့် စိုက်ပျိုးမြေများတွင် မြေဆီမြေဩဇာအခြေအနေ ပြောင်းလဲမှုကို သိရှိနိုင်ရန်နှင့် လိုအပ်သော မြေဆီအာဟာရမှန်ကန်စွာ ဖြည့်သွင်းပေးနိုင်ရန် မြေဆီလွှာဓာတ်ခွဲစစ်ဆေးခြင်း၊ ဓာတ်မြေဩဇာအချိုးအဆ မှန်ကန်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံပြည်သူများ၏ တင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အေးမြင့်သာယာကျေးရွာရှိ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ၆၆ ဦးနှင့်တွေ့ဆုံကာ အသင်းသားပိုင်စိုက်ပျိုးမြေဧက ၂၀၀ တွင် ဆောင်းသီးနှံ မတ်ပဲစိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးပြီး မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းက လှူဒါန်းထားသည့် မတ်ပဲမျိုးပိဿာ ၂၀၀၀ ကိုလည်းကောင်း၊ သမဝါယမဦးစီးဌာနက ကူညီထောက်ပံ့ပေးသည့် သွင်းအားစုဓာတ်မြေဩဇာများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီကကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်၌ တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ နေပြည်တော်ကောင်စီက ကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲကို ယနေ့ ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညနေ ၆ နာရီတွင် ကျင်းပသည်။



အဆိုပါ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ တက်ရောက်၍ စည်ကားသိုက်မြိုက်စွာ ဆီမီးထွန်းညှိပူဇော်ကြပြီး မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်း၊ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံ စေတီများအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညို လေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တွင် မြန်မာ့ရိုးရာသီတင်းကျွတ် မီးထွန်းပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၇**

မန္တလေးမြို့တွင် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ယနေ့ညနေပိုင်းတွင် ၂၆ လမ်းနှင့် ၆၆ လမ်းတွင် ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သီတင်းကျွတ် မီးထွန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဧည့်ပရိသတ်များနှင့်အတူ ကုသိုလ်တော်ပုံတူစေတီတော်ရှေ့တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် လျှပ်စစ်မီး အလှဆင်ထားမှုများ၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးနေမှုများနှင့် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကာ သီတင်းကျွတ်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို နိုင်ငံကျော်အဆိုတော်များက မြန်မာမှုနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေနေမှုများ၊ မြန်မာ့ရိုးရာအစားအစာများဖြင့် စတုဒိသာကျွေးမွေးဧည့်ခံနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မြတ်စွာဘုရားအားရည်မှန်း၍ ဆီမီးများ၊ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆွမ်းခဲဖွယ် ကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများ၊ ရုံးများ၊ လူနေအိမ်များ၊ လမ်းများတွင် ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ခြင်းနှင့် လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



## မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

(၁၇-၁၀-၂၀၂၄)

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၆)ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်ကြည်ညို



**နေပြည်တော် အောက်တိုဘာ ၁၇**

(၁၆)ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်ရွက်အသင်းများဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဇနိန္ဒမဟာထေရ်မြတ်ကြီးထံမှ ဥပုသ်ပရိတ်သတ်များကကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့်မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများကဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော်၊ လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယကအဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တပဏ္ဍိတမဟာထေရ်မြတ်ကြီးထံမှ ဥပုသ်ပရိတ်သတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့သည် ၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလောင်းလှူခြင်းများကို ပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြ ပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် သင်္ကန်းများကို သတ်မှတ်နေရာအသီးသီးမှ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။



သံဃာတော်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



ဆရာတော်၊ သံဃာတော်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အလှူရှင်များက အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူစဉ်။



တောင်ကြီးမြို့၌ ဆရာတော်၊ သံဃာတော်များအား ဒေသခံပြည်သူများက အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူစဉ်။



သာသနာ့နွယ်ဝင်သီလရှင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

☆ **ကျောဖုံးမှအဆက်**

နေထူးနေ့မြတ် ဘာသာရေးပွဲတော်နေ့တွင် ပုဂံဒေသရှိ အထင်ကရ ဘုရားစေတီများဖြစ်သည့် ရွှေစည်းခုံ၊ အာနန္ဒာ၊ အလိုတော်ပြည့်၊ သဗ္ဗညု၊ ထီးလိုမင်းလို၊ ကန်တော့ပလ္လင်၊ ငှက်ပစ်တောင်၊ ဗူးဘုရား၊ မဟာဗောဓိ၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ မနူဟာ၊ မြစေတီ၊ လောကနန္ဒာ၊ ဓမ္မရာဇက၊ စွယ်တော်ဘုရား၊ ပြသာဒ်ကြီးဘုရားတို့တွင် ဘုရားဖူးခရီးသွားများဖြင့် အထူးစည်ကားခဲ့သည်။

"ဒီနှစ် သီတင်းကျွတ်ပွဲတော်မတိုင်မီကတည်းက ပုဂံကိုခရီးသွားဝင်ရောက်ခဲ့တာပါ။ သီတင်းကျွတ်လပြည့်နေ့မနက်ကနေ ညအထိ ပုဂံကအထင်ကရဘုရား၊ စေတီ ၁၈ နေရာမှာ ဘုရားဖူးစည်ကားခဲ့ပါတယ်။ ထီးလိုမင်းလိုဘုရားမှာဆိုရင် ညနေပိုင်းအထိ ခရီးသွားတစ်သောင်းနီးပါးဝင်ခဲ့ပါတယ်။ အခြားဘုရား၊စေတီများလည်းအတူတူပါပဲ။ မနှစ်ကထက် ခရီးသွားဝင်ရောက်တဲ့အတွက် ဈေးသည်အစ ခရီးသွားလမ်းညွှန်အဆုံး ကြည်နူးဝမ်းသာရှိနေကြပါတယ်။ ခရီးသွားဧည့်သည်အပေါင်း သွားလမ်းသာပြီး လာလမ်းဖြောင့်ကြပါစေ၊ ကုသိုလ်ထူးများလည်း ရရှိကြပါစေလို့ ပုဂံသူပုဂံသားများကိုယ်စား ဆုတောင်းမေတ္တာပို့ပါတယ်"ဟု ထီးလိုမင်းလိုဘုရားမှ အတွင်းရေးမှူး ဦးတင်လှဦးကပြောသည်။


ပုဂံဒေသရှိ အထင်ကရ ဘုရားစေတီတော်တို့၌ လပြည့်နေ့ နံနက် ၄ နာရီမှစတင်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြပြီး ညနေ ၆ နာရီမှစတင်၍ ဆီမီးများထွန်းညှိပူဇော်ကြသည်။ ယမန်နှစ် သီတင်းကျွတ်လပြည့်နေ့တွင် ခရီးသွားတစ်သိန်းခန့်ဝင်ရောက်ခဲ့ပြီး ယခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ ခရီးသွားနှစ်သိန်းခန့် ဝင်ရောက်ကုသိုလ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ **ညိမ်းသူ(သတင်းစဉ်)**

❑ **လေဖိအားနည်းဆဲလ်မှအဆက်**


တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၁၀-၂၀၂၄ ရက်နေ့
မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၂၁-၁၀-၂၀၂၄ မှ ၂၂-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၁၀-၂၀၂၄ ရက်နေ့
မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသော ကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ထိန်းသိမ်းမြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။






သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၈၉၅၂၈ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀ ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၇၄၅၁၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၉၃၄၆၂၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၄၀၀၀၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ ကျိုင်းဖောင်းဂိတ်အနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၂၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ ကိုလည်းကောင်း၊ မိုင်းပွန်မြို့နှင့် ဟိုပုံးမြို့ကြား ပြည်ထောင်စုလမ်းမကြီးပေါ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၁၂၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းအမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၃၉၄၆၂၈ ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားအထိုးပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်လာစေကာ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ အဆိုပါတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ဘုတလင်မြို့နယ် စီပါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်စွပ်စွဲရေးသားလုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာကို ယနေ့ နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးနေသည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ယနေ့နံနက်ပိုင်းက စီပါကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းကျေးရွာအတွင်းသို့ ကျရောက် ပေါက်ကွဲခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်းမရှိကြောင်း၊ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် စီပါကျေးရွာရှိနေအိမ်များမီးလောင်ပျက်စီးခဲ့ရသည်ကို ဖုံးကွယ်ပြီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့်လွဲမှားနေသည့် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၁၇-၁၀-၂၀၂၄)

| | | | |
|---|---|---|---|
| ချောက် | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| အမ်း | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | တောင်ငူ | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၅ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် | ထားဝယ် | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ဇလွန် | ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | နေပြည်တော် | ၃၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| သိမ်ဖြူရပ် | ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | ရန်ကုန် | ၃၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |

# အာဖရိကတိုက်အလယ်ပိုင်းနှင့် အနောက်ဘက်ပိုင်းတွင် ရေဘေးအန္တရာယ်ကြောင့် ကျောင်းနားခဲ့ရသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ သန်းထက်မနည်းရှိနေ



**လန်ဒန် အောက်တိုဘာ ၁၇**

အာဖရိကတိုက် အလယ်ပိုင်း နိုင်ငံများနှင့် အနောက်ဘက်ပိုင်း နိုင်ငံများတွင် ရေဘေးအန္တရာယ်ကြောင့် နေရပ်ကိုစွန့်ခွာရင်း ကျောင်းနားခဲ့ရသော ကျောင်းသား၊ ကျောင်းသူ ၁၀ သန်းထက်မနည်းရှိနေကြောင်း ဗြိတိန်အခြေစိုက် Save the Children အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရသော နိုင်ငံများမှာ နိုင်ဂျီးရီးယားနိုင်ငံ၊ မာလီနိုင်ငံ၊ နိုင်ဂျာနိုင်ငံ၊ ကွန်ဂိုနိုင်ငံတို့ဖြစ်ပြီး ၎င်းနိုင်ငံများတွင် ရေဘေးအန္တရာယ်ကြောင့် ကျောင်းနားခဲ့ရသူများပြားနေခြင်းအပေါ် နိုင်ငံ၏အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း Save the Children အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အာဖရိကတိုက် အလယ်ပိုင်းနဲ့ အနောက်ဘက်ပိုင်းနိုင်ငံတွေမှာ ရေဘေးအန္တရာယ်တွေနဲ့ဆိုးရွားစွာရင်ဆိုင်ခဲ့ရပြီးတော့ ပြည်သူတွေတော်တော်များများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတယ်။ အချို့ပြည်သူတွေအနေနဲ့ အိုးအိမ်တွေကို ဆုံးရှုံးလိုက်ရတဲ့အတွက် နေရပ်ကိုပြန်နိုင်ဖို့က ခက်ခဲသွားပါပြီ။ စားဝတ်နေရေးအတွက် အခက်အခဲရှိလာလို့ ကျောင်းနားခဲ့ရတဲ့ ကျောင်းသား၊ ကျောင်းသူတွေ တော်တော်လေးကိုများလာတယ်။ စစ်တမ်းတွေအရ ကျောင်းနားခဲ့ရတဲ့ ကျောင်းသား၊ ကျောင်းသူ ၁၀ သန်းလောက်ထိရှိနေပါတယ်"ဟု Save the Childrenအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဗစ်ရှ်နာရှာလစ်တယ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တူကီယဲနိုင်ငံတွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

**အင်ကာရာ အောက်တိုဘာ ၁၇**

တူကီယဲနိုင်ငံ အရှေ့ဘက်ပိုင်းတွင် အောက်တိုဘာ ၁၆ ရက်က ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း Turkish Disaster and Emergency Management Directorate (AFAD) အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေငလျင်သည် မာလက်ယာမြို့အနီးတွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး မြေငလျင်ပြင်းအားများခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း အဆောက်အအုံတချို့ အသေးစားပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး တူကီယဲပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက မြေငလျင် လှုပ်ခတ်မှုကြောင့် အဆောက်အအုံ သုံးလုံးအသေးစားပျက်စီးမှု ဖြစ်ပေါ်ခဲ့ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

"အောက်တိုဘာ ၁၆ ရက်မှာ ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိတဲ့ မြေငလျင် လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ပြင်းအားများခဲ့ပေမဲ့လဲမြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ပါဘူး။ ဒါပေမဲ့လဲ အဆောက်အအုံသုံးလုံး အသေးစားပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ပျက်စီးမှုပမာဏကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်။ ဒေသခံတွေကတော့ အထိတ်တလန့်နဲ့ အမိုးအကာအောက်ကနေ အရေးပေါ်ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်" ဟု တူကီယဲပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ပြောကြားခဲ့ကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် Turkish Disaster and Emergency Management Directorate (AFAD) အဖွဲ့အစည်းထံသို့ ဖုန်းဆက်အကူအညီတောင်းခံသူ အများအပြားရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# အီစတာကျွန်းတွင် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုဖြစ်ပွားလျက်ရှိ

**ဟန်ဂါရိုရာ အောက်တိုဘာ ၁၇**

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အီစတာကျွန်း ပင်လယ်ပြင်တွင် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုများ ဖြစ်ပွားလျက်ရှိကြောင်း အီစတာကျွန်း အာဏာပိုင်အဖွဲ့အစည်းက အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း ဝေးလံခေါင်သီသော ကျွန်းတစ်ကျွန်းဖြစ်သည့် အီစတာကျွန်းပင်လယ်ပြင်တွင် မိုက်ခရိုပလတ်စတစ် ညစ်ညမ်းမှုသည် ချီလီနိုင်ငံ ကမ်းရိုးတန်းဒေသများထက်ပိုမို၍ အဆ ၅၀ ခန့် ညစ်ညမ်းမှုဖြစ်ပွားလျက်ရှိပြီး ထိုသို့ဖြစ်ရခြင်းမှာ ဩစတြေးလျ၊ တောင်အမေရိကနိုင်ငံတို့ဘက်မှ စီးလာသော သမုဒ္ဒရာရေစီးကြောင်းများလာရောက် ပေါင်းဆုံခြင်းနှင့် နိုင်ငံတကာငါးဖမ်းသင်္ဘောများမှ အမှိုက်များ စုဆောင်းမိရာမှ ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း အီစတာကျွန်း မြူနီစီပယ်အဖွဲ့အစည်းက ပြောကြားခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကမ်းရိုးတန်းမှာတွေ့နေရတဲ့ ပလတ်စတစ်ညစ်ညမ်းမှုက ကျွန်တော်တို့ စွန့်ပစ်လို့ ဖြစ်လာတာမဟုတ်ပါဘူး။ နိုင်ငံတကာက ငါးဖမ်းသင်္ဘောတွေက စွန့်ပစ်အမှိုက်တွေနဲ့ ပင်လယ်ရေစီးကြောင်းတစ်လျှောက် မျောပါနေတဲ့ပလတ်စတစ်အမှိုက်တွေက မိုက်ခရိုပလတ်စတစ်အဖြစ်ပြိုကွဲသွားပြီး ရောက်ရှိလာတာပါ"ဟု အီစတာကျွန်းမှ အဏ္ဏဝါဇီဝဗေဒပညာရှင် မွိုက်ကိုပါကိုမီရိုက ပြောကြားခဲ့ကြောင်း သိရသည်။

မိုက်ခရိုပလတ်စတစ်သည် ဒေသခံတိရစ္ဆာန်များနှင့် ရေနေသတ္တဝါများစားသုံးမိရာမှ အဆိုပါတိရစ္ဆာန်များကို စားသုံးသူများထံသို့ပါ အစာကွင်းဆက်တစ်လျှောက် ညစ်ညမ်းမှုဖြစ်ပွားစေပြီး လူများ၏ အစာအာဟာရဖြစ်သော ငါးများကိုပါ ထိခိုက်မှုဖြစ်ပေါ်စေလျက်ရှိသည်ဟု အီစတာကျွန်းမှ အဏ္ဏဝါဇီဝဗေဒပညာရှင် မွိုက်ကိုပါကိုမီရိုက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : AZH**



# ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံ အဆင်သင့်ရှိနေ

**ပေကျင်း အောက်တိုဘာ ၁၇**

ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ငတ်မွတ်ခေါင်းပါးမှုကင်းစင်သော အခြေအနေများအဖြစ် ပူးတွဲဖြေရှင်းတည်ဆောက်နိုင်ရန် အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်နင်းက အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်ဟု သိရသည်။

မကြာသေးမီနှစ်များမှစတင်၍ ဒေသဆိုင်ရာပဋိပက္ခများ၊ ရာသီဥတုဖောက်ပြန်မှုများနှင့်စီးပွားရေးနှေးကွေးမှုများကဲ့သို့ အကြောင်းရင်းများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှု ဆက်လက်ဖြစ်ပွားလျက်ရှိရာ ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာဖူလုံမှုကို ကာကွယ်ရန်အတွက် တရုတ်နိုင်ငံအနေဖြင့် အသင့်ရှိနေကြောင်း ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့စပါးအများဆုံးထုတ်လုပ်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာစိုက်ပျိုးနိုင်သောမြေ၏ ကိုးရာခိုင်နှုန်းအောက်သာရှိသော်လည်း ကမ္ဘာ့စပါးထွက်ရှိမှု၏ လေးပုံတစ်ပုံကို ထုတ်လုပ်လျက်ရှိပြီး လူပေါင်း ၁ ဒသမ ၄ ဘီလီယံကျော်အတွက် လုံလောက်စွာ ထုတ်လုပ်လျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းများကြောင့် ထိခိုက်ခံစားခဲ့ရသောနိုင်ငံများအတွက် အရေးပေါ်စားနပ်ရိက္ခာအကူအညီများကိုလည်း ပေးအပ်နိုင်ခဲ့ကြောင်း မော်နင်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏စားနပ်ရိက္ခာထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရန်အတွက် စိုက်ပျိုးရေး အတွေ့အကြုံနှင့် နည်းပညာများကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုမှုဘောင်အောက်မှတစ်ဆင့် ကျွမ်းကျင်သူများစေလွှတ်ကာ စီမံကိန်းအများစုကို အကောင်အထည်ဖော်ဆောင်ရာတွင် ငွေကြေးအကူအညီအများဆုံးပေးအပ်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : AZH**

# အီရန်နိုင်ငံ Kharg ကျွန်းတွင် ရေနံယိုဖိတ်မှုကြောင့် ရေထုညစ်ညမ်းမှုများဖြစ်ပေါ်နေ

**တီဟီရန် အောက်တိုဘာ ၁၇**

အီရန်နိုင်ငံ Kharg ကျွန်းတွင် ရေနံယိုဖိတ်မှုဖြစ်ပေါ်နေပြီး ရေနံယိုဖိတ်မှုကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း အီရန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေနံယိုဖိတ်မှုဖြစ်ပွားသည့်နေရာကို ဒရုန်းများအသုံးပြုကာ စုံစမ်းမှုများပြုလုပ်ခဲ့ရာ ပြည်ပသို့ သွယ်တန်းရောင်းချနေသည့် ရေနံပိုက်လိုင်း ပေါက်ထွက်ကာ Kharg ကျွန်းရှိ ရေဧရိယာအတွင်း ရေနံယိုဖိတ်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ထွက်နေသောရေနံပိုက်လိုင်းကို ဖာထေးရန်အတွက် အရေးပေါ်ဆောင်ရွက်နေပြီး ယိုဖိတ်သွားသောရေနံများ ဆက်လက် မပြန့်ပွားစေရေးအတွက် ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"Kharg ကျွန်းမှာရေနံယိုဖိတ်မှုတွေဖြစ်ပေါ်နေပါတယ်။ ပြည်ပကိုသွယ်တန်းရောင်းချနေတဲ့ ရေနံပိုက်လိုင်း ပေါက်ထွက်ပြီးတော့ ရေဧရိယာအတွင်း ရေနံယိုဖိတ်မှုတွေ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ ရေဧရိယာအတွင်းရေနံယိုဖိတ်မှုတွေကို ထိန်းချုပ်နိုင်ဖို့အတွက် အာဏာပိုင် အဖွဲ့အစည်းက အင်အားသုံးပြီး ဆောင်ရွက်နေပါတယ်။ ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေတာကိုလဲ အာဏာပိုင်အဖွဲ့အစည်းက အမြန်ဆုံးထိန်းချုပ်နိုင်အောင် ကြိုးစားပေးနေပါတယ်" ဟု အီရန်နိုင်ငံပိုင်သတင်းဌာနဖြစ်သော IRNA သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အီရန်နိုင်ငံသည် ရေနံထုတ်လုပ်မှုအနေဖြင့် တစ်ရက်လျှင် ရေနံစည်ပေါင်း ၃ ဒသမ ၂ သန်းထိ ထုတ်လုပ်နေပြီး ပြည်ပသို့အဓိကသွယ်တန်း ရောင်းချနေခြင်းဖြစ်သော်လည်း အီရန်နိုင်ငံသည် ပြည်ပသို့ ရေနံတင်ပို့ရောင်းချမှုတွင် ၉၀ ရာခိုင်နှုန်းမှာသင်္ဘောများဖြင့် တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

ဝတ္ထုတိုကဏ္ဍ

# မျိုးဆက်သစ်တို့ ရှင်သန်စေ

မောင်ခြိမ့်



တန်ခူးရေကုန်၊ ကဆုန်ရေခန်းဟူသော စာဆိုရှိသည်နှင့်အညီ ဇုက္ကနိရွာကလေး၏ ပတ်ဝန်းကျင်တစ်ခို လက်ညှိုးထိုးမလွဲနိုင်အောင် တစ်ပြန့်တစ်ပြောတည်းရှိနေသည့်လယ်ကွင်း၊ ဗျိုက်တော၊ ရိုးချောင်း၊ တမံ၊ ရေအိုင်တကာတို့တွင် ရေနည်းသည့်နေရာကနည်း၊ ခန်းသည့်နေရာကခန်း။ အချို့နေရာများဆိုလျှင်ရေခန်း ခြောက်ပြီးရေအိုင်၊ တမံအောက်ခြေတွင် ပက်ကြားအက်များပင်ပေါ်နေကြပြီ။ ရိတ်သိမ်းပြီးဖြစ်သဖြင့် လူခါးစောင်းခန့်ထိုးထိုးထောင်ထောင်နှင့် ကျန်ရစ်သောဖြူရော်ရော်ဝါကျင့်ကျင့် ရိုးပြတ်ငုတ်တိုတို့သည် ပူပြင်းလှသောနေပူရှိန်၏အောက်တွင်လည်စင်းကာခံနေသကဲ့သို့ရှိတော့၏။

ဘယ်လောက်ပင်ပက်ကြားအက်အက်၊ ဘယ်လောက်ပင်နေရှိန်ပြင်းစေကာမူ ကောက်ရိုးနွယ်ပင်စိမ်းစိမ်းကလေးတို့သည် ပက်ကြားအက်မြေမာမာတွင် ကုပ်ကပ် အမြစ်တွယ် ကာလူးလွန့် ရှင်သန်လျက် ရိုးပြတ်ငုတ်တိုတို့အပေါ် တွယ်တက်ပြီး အညွန့်ကလေးတွေဝေဝေဆာဆာနှင့် လေအနေ့ာတွင် ခေါင်းကလေးများ ညွတ်ကာယမ်းကာ နွေအပူကိုအံတုလျက်ရှိ၏။

ပြာလွင်သောကောင်းကင်ပြင်၌ ဖြူလွလွတိမ်ဇာမျှင်တို့သည် ကောင်းကင်လေ၌လွင့်မျောလိုက်ပါလျက်၊ ရွက်လွှင့်လျက်ရှိနေ၏။ တောက်ပဝင်းလက်သော နေမင်း၏ရောင်ခြည်တို့သည် အတားအဆီးအပိတ်အပင်မရှိ၊ ထိုးဆင်းလာကြကာ ရွာကလေးနှင့်ပတ်ဝန်းကျင်တစ်ခွင်လုံးကို အပူတိုက်သွင်းလျက်ရှိတော့၏။

ဟိုးခပ်ဝေးဝေး လယ်ကွက်လယ်ပြင်များကို ကျော်၍ မျှော်ကြည့်လိုက်လျှင် သော်ကဘုရားကြီးနားက သွပ်မိုးဖွေးဖွေးနှင့် တန်ဆောင်းများ၊ ဘုန်းကြီးကျောင်းများကို တဖျပ်ဖျပ် တွန့်ခေါက်တုန်ခါမှုန်ဝါးလျက်ရှိသော တံလျှပ်များအကြားတွင် လွမ်းမောစဖွယ်လှမ်း၍မြင်နေရသည်။

ဖိုးနီတို့ရွာကလေးရှိ နေအိမ်များကတော့ ကော့ပျံတွန့်လိပ်လျက်ရှိသော ကြက်တောင်ပျံများကဲ့သို့ ဓနိအမိုးများကိုခေါင်းပေါ်ရွက်ကာ နွေနေ၏အပူကိုကာကွယ်ရင်း ငြိမ်သက်လျက်ရှိ၏။ အိမ်ရှေ့ ဘူးစင်အောက်တွင်လူစုံနေကြပြီ။ တစ်ဆောင်းတွင်းလုံး သီးကင်းတွေတဝေဝေ၊ သီးလုံးတွေတတွဲတွဲနှင့် စိမ်းမြ မှိုင်းဝေနေခဲ့သော ဖိုးနီ၏ဘူးစင်သည် နေပူဒဏ်ပြင်း၍ထင့်၊ ဘူးသီးတွေသီးလုံးမလှ။ ဘူးသီးပုံပန်းမကျတော့ဘဲ ကောက်သည့်အလုံးကကောက်၊ ပိန်သည့်အလုံးကပိန်၊ ရှုံ့သည့်အလုံးကရှုံ့ နှင့်ဟင်းချက်စားရန်မကောင်းတော့။ ဘူးကြွပ်သီးအဖြစ် ငါးပိရည်နှင့် ပြုတ်၍သာ တို့နေရတော့၏။

ထိုဘူးစင်အောက်တွင် ကျူဖျာများခင်းကာ ဝိုင်းထိုင်လျက် ရေနွေးကြမ်း သောက်နေကြသော လူငယ်တစ်စုဆီသို့ အပေါ်ပိုင်းဗလာ၊ ပုဆိုးတိုတိုဝတ်ထားသောအဘိုးကြီးတစ်ယောက်ဝင်၍လာလေ၏။

“အဘဦးသာကျော်ပါလား။ လာ လာရေနွေးကြမ်းသောက်ပါအုံး" ဟု ဖိုးနီက ခေါ်၍နေရာပေး၏။

"အံမာ မင်းတို့ ဒီကနေ့တယ်လူစုံပါလားကွ ဟေ။ ဘာများတိုင်ပင်နေကြတာတုံး” ပြောရင်းဝင်၍ထိုင်လေသည်။

“အိုင်ပက်မလို့တိုင်ပင်နေတာအဘရေ၊ အလုပ်ကလဲပါး၊ ဝင်ငွေကလဲမရှိဆိုတော့ ဂဠုန်ဆားချက်ကြမလို့” ဟု ဖိုးနီက ရှင်းပြလေလျှင်-

“ဟေ ဘယ်အိုင်များပက်ဖို့ကျန်သေးလို့လဲကွ။ ရွာထဲကအလုပ်မရှိတဲ့ ယောကျ်ားတွေနဲ့ အမျိုးသမီးတွေ၊ ကလေးတွေ အခုတလောထွက်ထွက်ပြီး ပက်လိုက်ကြတာ စကောလောက်အိုင်တောင် မကျန်တော့ဘူး မဟုတ်လား”

ဦးသာကျော်ကမေးရင်း ဝါကျင့်ကျင့် ဖန်တွတ်တွတ်ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့၍ သောက်လိုက်၏။

"အိုင်တော့မဟုတ်ဘူးပေါ့အဘရာ။ ဟိုအရင်အုတ်ဖုတ်တုန်းကမြေတူးတော့ ချိုင့်ကျင်းကြီးဖြစ်ကျန်ခဲ့တဲ့နေရာကိုပက်ကြည့်မလားလို့”

ဦးသာကျော်သည် မျက်ခုံးနှစ်ဖက်တာရိုးကြီးကို ကျော်ဖြတ်စီးဆင်းလာသော ချွေးကြောင်းကြီးကို အသာသပ်၍ သုတ်လိုက်ပြီးမှ မျက်စိကိုမှေး၍ ခဏမျှစဉ်းစားနေပြီး

“ဪ တို့တွေလျှော်စိမ်ကြတဲ့ဟာကြီးလားကွ။ ခန်းနိုင်ပါ့မလား။ မင်းဟာက လူတစ်ရပ် မကဘူးနက်တယ်နော်။ ငါတောင်မကြာမကြာ ငါးရှံ့သွားသွားမျှားနေတာ။ ရေက အလွန်များတယ်နော်”

ဟုတ်လည်းဟုတ်ပေ၏။ ထိုအုတ်ဖုတ်ရန်တူးယူထားသောအိုင်ကြီးသည် အကျယ်လေးလံခန့်နှင့်အလျားမှာ လက်လံနှစ်ဆယ်ကျော်ပေလိမ့်မည်။ မူလက လက်ခုတ်တစ်ဖောင်ခန့်နက်ခဲ့သော်လည်း ယခုတော့မူဗေဒါပင်များ၊ စိုက်ပင်များ၊ ရေမှော်များ၊ ကြာရိုးကြာနွယ်များ ဖုံးလွှမ်းအနည်ထိုင်သည်ကတစ်ကြောင်း၊ စိုက်ပျိုးသောလယ်သမားများက လျှော်စည်းများ ရေစိမ်ကာခွာ၍ လျှော်ရိုးများချထားခဲ့သည့်ကတစ်ကြောင်းတို့ကြောင့် အချို့နေရာများတွင် ရေတိမ်နေပြီ။ သို့သော်လည်း ရေနက်သည့်နေရာများစွာကျန်နေသေး၏။ သို့ဖြစ်ရာကားအခြားသော ရိုးကလေးများ၊ အိုင်များ၊ တမံများရေခန်းသော်လည်း သည်နေရာက ရေမခန်း။ နောက်တစ်မိုးရောက်သည်အထိ ရေကအမြဲရှိသည်။

ငါးတို့သဘာဝသည် လယ်ကွင်းလယ်ကွက်၊ ရိုးချောင်းတမံတို့ ရေလျှံသည့်အခါ ဟိုဟိုသည်သည်သွားလာကျက်စားပေါက်ဖွားရှင်သန်လေ့ရှိသော်လည်း တော်သလင်းလွန်မြောက် သီတင်းကျွတ်ကာလသို့ ရောက်၍ ရေဆုတ်တော့မည့် အရိပ်အရောင်ပြလာပြီ။

ငါးဆင်းမိုးကြီးလည်းရွာဖြိုးပြီးသွားပြီ။ နောက်မိုးနောက်လေလည်းမလာနိုင် တော့ပြီဆိုလျှင် သူတို့၏ဘဝပေးအသိအရ ရေများရာရေနက်ရာ တစ်နွေလုံးရေနေမည့်နေရာများသို့ ရွှေ့ပြောင်းကြတော့၏။ တမံရေနက်ရာများ၌လည်း သူတို့ခို အောင်းတတ်ကြ၏။ အိုင်ကြီးအိုင်ကောင်းများတွင်လည်း စုပေါင်း၍ နွေကိုခိုကာ မိုးကိုမျှော်တတ်ကြပါ၏။

ထိုကဲ့သို့ တမံများ၊ အိုင်နက်နက်များတွင် ခိုအောင်းနေထိုင်အသက်ရှင်ကြကာကြီးထွားလာကြ၏။ အရွယ်ရောက်လာကြ၏။ သန္ဓေသားများ ရင့်၍အောင်မြင်လာစေရန်ကျင်းခိုကြ၏။ မိုးဦးကာလမိုးစက်ပန်းပွင့်တို့ကိုငံ့လင့်ကြ၏။ ထိုမိုးဦးကာလရေလျှံပြည့်ဖြိုးချောင်းရေကန်ရေအတိုးကို စောင့်မျှော်နေတတ်ကြပါ၏။ သို့မှသာ သူတို့၏မျိုးဆက်များသည် ထပ်မံပေါက်ဖွားရှင်သန်နိုင်ကြမည်မဟုတ်ပါလား။

ထိုအခါ အုတ်ကျင်းဟောင်း ရေအိုင်နက်ကြီးသည် သူတို့ခိုအောင်းနားနေရန် အကောင်းဆုံးနေရာပင်ဖြစ်နေပါတော့၏။

ရွာသူရွာသားတို့ကလည်း ငါးတို့၏သဘာဝကိုကျွမ်းကျင်၏။ ငါးတို့၏အထာကိုနှောကျေနေကြပြီ။ နွေအခါမြစ်များ၊ ချောင်းများတွင်ငါး၊ ဖားရှာဖွေရခက်ခဲလာသောအခါများတွင် ထိုအုတ်ကျင်းဟောင်းအိုင်နက်ကြီးသည် ရွာသားတို့မြှုံးထောင်ရာ၊ ကွန်စိပ်ကလေးပစ်ရာ၊ ငါးမျှားရာနေရာပင်ဖြစ်နေရတော့၏။

ယခုနှစ်ကဲ့သို့ ပူပြင်းခြောက်သွေ့မှုမျိုးသည် တစ်ခါမျှ မကြုံစဖူးဖြစ်လေရာ ကျယ်ပြန့်လှသောလယ်ကွင်းတစ်ခိုရှိအိုင်များ၊ တမံများ၊ ရေခန်းခြောက်နေရသည့်အချိန်တွင်မတော့ ထိုအုတ်ကျင်းဟောင်းရေအိုင်နက်ကြီးသည်လည်း ရေနည်းစပြုလာပေပြီ။

ဒါကို ဖိုးနီတွက်ဆမိသည်။ သို့သော် ရေခန်းအောင်ပက်ထုတ်ရန်ကိုမူ လူအင်အားလုံလောက်မှဖြစ်နိုင်ပေမည်။ သို့ဖြစ်၍ ဟိုဟိုသည်သည်လက်လှမ်းမှီရာအဖော် စပ်လေလျှင် စိန်ကုလားအပါအဝင်ဆယ်ယောက်ခန့်စုစည်းမိကြပြီး နှစ်ယောက်လျှင်ခန္ဓဲတစ်လုံးကျတာဝန်ယူ၍ ခန္ဓဲငါးလုံးညီညီညာညာပက်ထုတ်လျှင်မရနိုင်ပါပြီလော၊ ပြီးတော့ လျှို့ဝှက်ချက်တစ်ခုကရှိသေး၏။

ဒါကိုလည်းအကောင်အထည်ဖော်ကြည့်ချင်ပါသေး၏။ အိမ်မဲကျောင်းကုန်းဘက်မှ သူငယ်ချင်းတစ်ယောက် ဟိုတလောကရွာကိုအလည်ရောက်လာခဲ့၏။ သူ၏ ပြောစကားများ ဟုတ်မဟုတ်လည်း ဖိုးနီစမ်း ၍ကြည့်ချင်နေပါ၏။

“အရင်ကတော့ ဟုတ်ပါတယ် အဘရဲ့။ အခုတော့ နေကတအားပူတော့ တော်တော်တော့ခန်းနေပါပြီ။ ကျွန်တော်တို့လူအင်အားကောင်းကောင်းနဲ့ ပက်ထုတ်မယ်ဆိုရင် ခန်းနိုင်လောက်ပါတယ်။ ပြီးတော့လဲ သည်နွေမှာ အလုပ်အကိုင်က အဆင်မပြေတော့ ဒါကိုပဲအားထုတ်လုပ်ကြည့်မလားလို့”

“မနက်ဖြန်စောစောထပြီးပက်မယ်လို့စိတ်ကူးတာပဲ။ အဲဒါ စိန်ကုလားတို့၊ တင်အုံးတို့၊ တင်ကြိုင်တို့နဲ့တိုင်ပင်နေကြတာပါ။ ဘယ်နှယ့်လဲ လုပ်မယ်မဟုတ်လား ဟေ့ "ဟု ဖိုးနီ စကားဆုံးလျှင်-

“ကိုကြီးဖိုးနီသာဦးဆောင်စမ်းပါဗျာ။ ကျုပ်တို့တစ်တွေ နောက်ကရှိပါတယ်။ ရေဘယ်လောက်များများ မကုန်ကုန်အောင် ပက်ထုတ်ပြစမ်းချင်တယ်"

လူငယ်တစ်စုက တက်ကြွစွာထောက်ခံကြလေသည်။

“အေး အဲသည်လိုလူကလည်းညီမယ်။ လုပ်နိုင်ကိုင်နိုင်တဲ့ခွန်အားကလဲရှိမယ်။ မဖြစ်မနေလုပ်မယ်ဆိုတဲ့ဇွဲကလဲ ရှိမယ်ဆိုရင်တော့ အင်း.. မဖြစ်နိုင်တဲ့အရာဘာမှမရှိဘူးကွ။ ငါက အသက်ကြီးနေလို့သာပေ့ါကွာ။ နို့မို့ဆိုရှေ့တန်းက ပါတာပေ့ါကွ”

ဦးသာကျော်က တက်တက်ကြွကြွအားပေးလေသော်-

“ဟာ အဘမပါလို့ ဘယ်ဖြစ်ပ့ါမလဲဗျ။ အဘကကွင်းပိုင်ကြီးတစ်ပိုင်းဖြစ်နေတာပဲဟာ။ ကျွန်တော်တို့ကို စီစဉ်ညွှန်ကြားဖို့ အဘရှိမှဖြစ်မှာပေ့ါအဘရဲ့”

''ဟုတ်တယ် ဟုတ်တယ်။ အဘပါမှပျော်စရာကောင်းမှာဟေ့။ အဘက ပင်ပင်ပန်းပန်းလုပ်စရာမလိုပါဘူး။ လာသာ လာခဲ့ပါ။ အဘရဲ့အဘွားကြီးအတွက် တစ်မိုးစာသုံးဦးစပ်ငါးပိလုပ်ဖို့ ငါးဖျင်းသလက်တို့၊ ငါးရံ့ခေါင်းတိုတို့၊ ငါးစင်ရိုင်းတို့၊ လယ်ကဏန်းတို့အများကြီးပေးလိုက်မယ်”ဟု ကာလသားများကစကြလေရာ-

“ငါ့လခွေးမှပဲ၊ ငါးရံ့ခေါင်းတိုတို့၊ ငဖျင်းသလက်တို့ကငါးပိလုပ်လို့မကောင်းဘူးကွ။ ငါးပြေမတို့၊ ငါးဖယ်တို့၊ ငါးရံ့တို့ကသာ သုံးဦးစပ်ငါးပိရေကျိုလုပ်လို့ ကောင်းတာ။ ငါ့ကိုပေးမယ့် ငါးရံ့ခေါင်းတိုကိုမင်းတို့ကြီးတော်ကို သာပေးလိုက်တော့"ဟု အော်လိုက်ရာအားလုံးပွဲကျသွားလေတော့၏။ မိုးကလင်းရုံရှိသေး၊ နေကပူလာပြီ။ နေပူပြီဆိုကတည်းက လေကလုံးဝ မတိုက်၊ အကွယ်အကာမရှိ၊ သစ်ရိပ်ဝါးရိပ်မရှိ ဟင်းလင်းပြင်လယ်ပြင်ကြီးမို့ ပူလိုက်အိုက်လိုက်သည်မှာပြောစရာမရှိ။ ကောင်းကင်သို့ မော့၍မကြည့်နိုင်အောင် နေရောင်က တောက်ပဝင်းလက်၍

စာမျက်နှာ ၂၅ သို့

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၆၇၆ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၆၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဝါ ၅၆၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၆၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဝါ ၅၆၉၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၆၇၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီစေဖို့ ဆက်လက် စိုက်ပျိုးလျက်ရှိပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာတွင် တောင်သူများ လွယ်ကူစွာ စိုက်ပျိုးသွားနိုင်ရန်အတွက် ဝါမျိုးကောင်းမျိုးသန့်တွေ ပံ့ပိုးပေးပါတယ်''ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဝါသီးနှံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေး လျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

# သရက်မြို့နယ် ပျဉ်ထောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ပြီးစီးမှုစစ်ဆေး

**သရက် အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်ထောင်ကျေးရွာအုပ်စု ပျဉ်ထောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ် လမ်းလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ပျဉ်ထောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ကြရန် မှာကြားသည်။

ပျဉ်ထောင်ကျေးရွာ၌ လမ်းအရှည်ပေ၅၅၀၊အကျယ်၁၂ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၅သိန်း စုစုပေါင်း ငွေကျပ် ၁၆၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

နေတော့၏။ ထိုပူပြင်းလှသောနေအပူရှိန်အောက်မှာပင် မျောတိုင်များ၊ ဝါးလုံးများ၊ ယင်းလိပ်များ၊ တူရွင်းငန်းပြားများ၊ ပေါက်တူးများ၊ ထမ်းသူကထမ်းလာကြပြီး ဒိုင်းဝန်းများ၊ ယက်သွဲများ၊ ဆောင်းများ၊ ခန္တဲများ သယ်သူက သယ်လာကြပြီ။

ဦးသာကျော်ကရှေ့ဆုံးမှနေ၍ အော်ကာဟစ်ကာနှင့် စီမံခန့်ခွဲနေချေပြီ။ ဦးသာကျော်၏စီမံမှုဖြင့်တိုင်လေးတိုင်စိုက်ကြ၏။ တန်းပစ်ကြ၏။ အချင်ဝါးတင်ကြ၏။ ပြီးလျှင် ရေအိုင်ကြီးဘေးတွင် တောထအောင်ပေါက်နေသော ညံပင်များ၊ ကိုင်းများခုတ်ကာအပေါ်မှမိုးကြ၏။

“နေပါအုံးအဘရဲ့။ အဘဟာက မင်္ဂလာဆောင်ဖို့မဏ္ဍပ်ထိုးနေတာလား၊ ဘယ်သူနဲ့လဲ”

“မင်းကြီးတော် ဒေါ်အေးညွှန့်နဲ့ဟေ့။ ကဲ သိပြီလား၊ ခွေးကောင်လေးတွေ၊ နေကဘယ်လောက်ပူသလဲသိလား၊ တော်ကြာခန္တဲထိုးနေရင်းက ပူလွန်းလို့ဆိုပြီး ဒီအမိုးအောက်ဝင်လာရင်တော့ ကန်ထုတ်မှာဗျာ”

လူငယ်များသဘောကျစွာဝိုင်းရယ်လိုက်ကြ၏။ ဖိုးနီနှင့်ကိုတင်အုံးတို့ဦးဆောင်၍ ရေအိုင်ကြီးကိုအလယ်မှကန့်၍ တိုင်စိုက်ကြ၏။ တန်းချီကြ၏။ ယင်းလိပ်များကာပြီး မြေဖို့သူကဖို့၊ ဗေဒါများ၊ ဒိုက်ပင်များကိုနင်း၍ သိပ်သူကသိပ်နှင့် မကြာမီမှာပင်ရေအိုင်ကြီးကို မြေသားတမံကလေး ပိတ်၍ ပြီးသွားပါပြီ။

''ဟေ့ ဟေ့ ကရော်ကမယ်မလုပ်နဲ့နော်၊ အောက်ခြေကစပြီး ရေမစိမ့်အောင်ဖို့ပြီးနာနာနင်းသိပ်ပါကွ။ တော်တော်ကြာ ရေခန်းကာနီးမှ တမံကျိုးရင် ခဲလေသမျှပဲရေပွ ဖြစ်ကုန်မယ်နော်”

ဘယ်ကဘယ်လို သတင်းကြား၍ ရောက်လာမှန်းမသိ။ ဦးရွှေဖောင်တစ်ယောက်ပေါက်ချလာကာ ဩဇာပေးလေတော့၏။

“ဟုတ်ကဲ့ပါခင်ဗျာ မှန်ပါ့ခင်ဗျာ။ ကျွန်တော်တို့ တမံမကျိုးအောင်ယင်းလိပ်လည်းနှစ်ထပ်ခံထားပါတယ်ခင်ဗျ။ မြေသားနဲ့ဒိုက်ဖတ်တွေလည်း သမအောင်ရောပြီး အပေါ်ကလူအားနဲ့ နင်းသိပ်ထားပါတယ်ခင်ဗျ။ တမံအမြင့်ကိုလည်း ရေပေါ်သုံး တောင်လောက်မြှင့်ထားပါတယ်ခင်ဗျ။ ဘာများဆက်လုပ်ရမှာပါလဲ အမိန့်ရှိပါဆရာ”

မောဟိုက်နေသော လေသံကြီးဖြင့် ဦးသာကျော်က ထေ့ထေ့ငေါ့ငေါ့ပြောလေရာအားလုံးက ဝါးခနဲဝိုင်းရယ်ကြရင်း ယာယီ အမိုးအောက်ပြေးဝင်လာကြ၏။

“ဟုတ်သားပဲဘကြီးရွှေဖောင်က တမံပြီးမှပဲရောက်လာတော့တယ်၊ ရောက်လာတော့လည်း အေးအေးမနေဘူး။ တစ်ခါတည်းဩဇာတွေ၊ မာလကာတွေပေးလို့ အခုမှဘုန်းကြီးရှေ့ကကြွ လုပ်မနေနဲ့”

လူငယ်များက ဝိုင်း၍ပြောကြလျှင် ဦးရွှေဖောင်က တဟဲဟဲရယ်လိုက်ရင်း-

“အခုမှသိတာကိုးကွ၊ တင်ကြိုင်တို့ရွာထဲမှာ ပလတ်စတစ်စကြီးလိုက်ငှားနေတာတွေ့မှ မင်းတို့အိုင်ပက်မယ်ဆိုတာသိရတာ၊ ဖြစ်ပ့ါမလား။ မင်းတို့ဟာက ခန်းအောင်ပက်ဖို့ မလွယ်ဘူးနော်"

“ဟေ့ကောင်ရွှေဖောင်။ကလေးတွေစိတ်ပျက်အောင်မပြောပါနဲ့ကွ။ ဘာလို့ မခန်းရမှာလဲ။ ငါဝါးလုံးနဲ့ထောက်တိုင်းပြီးပြီ။ အနက်ဆုံးနေရာကမှ ခြောက်တောင်ပျော့ပျော့ပဲရှိတာ လူအင်အားနဲ့ဖိပြီး ခန္တဲလေးငါးလက်လောက်ဆင်ပြီး ထိုးလိုက်ရင် ခန်းပါတယ်ကွ”ဟု ဦးသာကျော် ဟောက်သည်။

“ဟုတ်တယ်ဦးရွှေဖောင်ရဲ့။ ကျွန်တော်တို့ နေ့လယ်အမီခန်းအောင်ပက်မယ်ဗျာ၊ ဒါမှ ညနေမြို့ဈေးအမီ ဒါတွေပို့နိုင်အောင်လို့" ဟု ဖိုးနီကပြောလေသည်။

**ဆက်လက်၍ဖော်ပြပါမည်။**

## ဝါကျွတ်ပွဲတော် ဆင်နွဲပျော်

- ဝါလကင်းလွတ် သီတင်းကျွတ်၍
  တိမ်ထွတ်ဘုံဝ အာကာသမှာ
  ကြည်မြရောင်လင့် တာရာဆင့်ပြီ။

- ကြာမျိုး ငါးလီ
  လန်းတင့်စီ၍ ထုံအီ ခင်းဖြန့်
  နေရာနှံ့တွင် မွှေးပျံ့သင်းကြူ
  တူရာသီလှ ထူးတင့်စွ။

- ဝတီနန်းက
  မြန်းကြွ၍လာ မြတ်ဗုဒ္ဓါအား
  သဒ္ဓါကြည်ညို ဝပ်သွားကြိုရင်း
  ကိုယ်စီ ရည်မှန်း ဆီမီးပန်းဖြင့်
  လှူဒါန်းခဲ့ကြ သည်ကာလ။

- ဆရာသမား
  မိဘများနှင့် ဘိုးဘွားတို့အား
  ညွှတ်တွား ပူဇော ကန်တော့ကာလျှင်
  ဘယာကင်းပ ပြစ်မြူပဖို့
  ဂါရဝပြုကြ သည်ကာလ။

- ဓလေ့ရိုးရာ
  ရပ်ရွာတစ်ခွင် စဉ်လာမပျက်
  မုန့်ဖက်ထုတ်နှင့် မုန့်လုပ်အလှူ
  တူယှဉ် ဝေကမ်း သဒ္ဓါလွှမ်းလျက်
  ပြုံးပန်းဝေကြ သည်ကာလ။

- နှစ်စဉ် မပျက်
  ဆက်ခံမွမ်းခြယ် ဂုဏ်ယူဖွယ်ရာ
  တို့မြန်မာ၏ ဝါကျွတ်ပွဲတော်
  ဆင်နွဲပျော်ကြ ထိန်းသိမ်းကြမို့
  မြန်မာ့ဂုဏ်ငွေ့ လွှန်ချမ်းမြေ့
  ထူးတင့် ကြည်မွေ့ မြတ်ဓလေ့။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တန်ဖိုးကြီးမားလှတဲ့ မြန်မာ့အနုသုခုမပညာ

ဘုန်းမောင်ဝင်း(ဖျာပုံ)

ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းမှာ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာတွေ ရှိကြပါတယ်။ ယဉ်ကျေးမှုကို နိုင်ငံတိုင်း၊ လူမျိုးတိုင်းက အမြတ်တနိုးတန်ဖိုးထားကြပါတယ်။ ရိုးရာယဉ်ကျေးမှုအစဉ်အလာတွေကို တန်ဖိုးထားခြင်းနဲ့ အတူ မပျောက်ပျက်အောင် ထိန်းသိမ်းနေကြပါတယ်။ အခုအခါမှာတော့ ထိန်းသိမ်းရုံနဲ့တာဝန်ကျေတယ်လို့ မဆိုနိုင်တော့ပါဘူး။ မိမိတို့ထိန်းသိမ်းစောင့်ရှောက်လာတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ကောင်းမွန်စွာ ဆက်လက်ထိန်းသိမ်းနိုင်ဖို့ လိုအပ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေကို ထိန်းသိမ်းချင်တဲ့စိတ်ရှိအောင် မြေတောင်မြှောက်ပေးဖို့လဲ လိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ သဘာဝသယံဇာတတွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဘယ်လောက်ပဲပြည့်စုံပေါကြွယ်ပါစေ မိမိတို့ရဲ့ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်းမထားနိုင်ရင် ယဉ်ကျေးမှုနဲ့အတူ လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ ယဉ်ကျေးမှုသမိုင်းကြောင်း ခိုင်ခိုင်မာမာ ရှိထားတဲ့နိုင်ငံဖြစ်ပါတယ်။ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာတွေ၊ မြန်မာ့မှု မြန်မာ့ဟန်တွေကို ရှေးမြန်မာဘိုးဘွားတွေ အစဉ်အဆက်ကတည်းက ဖန်တီးပုံဖော်တည်ဆောက်လာပြီးတော့ ယဉ်ကျေးမှုအမွေအနှစ်တွေ နှစ်ပေါင်းထောင်နဲ့ချီပြီး လက်ဆင့်ခံ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါတယ်။ အဲဒီလိုထိန်းသိမ်းစောင့်ရှောက်ခဲ့လို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေဟာ အခြားနိုင်ငံတွေနဲ့မတူအောင် ထူးထူးခြားခြားပေါ်ပေါ်လွင်လွင်ရှိလှပါတယ်။ ယဉ်ကျေးမှုဆိုတာ ဆင်ယင်ထုံးဖွဲ့မှုတွေ၊ ပန်း၁၀ မျိုးဖြစ်တဲ့ ပန်းချီ၊ ပန်းပု၊ ပန်းတဉ်း၊ ပန်းထိမ်၊ ပန်းယွန်း၊ ပန်းပဲ၊ ပန်းတမော့၊ ပန်းတော့၊ ပန်းရန်၊ ပန်းပွတ် ဆိုတဲ့အနုပညာလက်ရာတွေ၊ အဆို၊ အက၊ အရေး၊ အတီး၊ အမှုတ် သုခုမပညာရပ်တွေ၊ အတွေးအခေါ် အရေးအသားအမြော်အမြင် စတဲ့စာပေရေးရာတွေ၊ ရိုးရာဓလေ့ထုံးစံတွေ၊ ဘာသာအယူဝါဒ ယုံကြည်ကိုးကွယ်မှုနဲ့ လူနေမှုစနစ်တွေဖြစ်ပါတယ်။

စာပေ၊ ပန်းချီ၊ ပန်းပု၊ ဆင်ယင်ထုံးဖွဲ့မှုတွေဟာ အနုပညာဖြစ်ကြပြီးတော့ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်တွေဟာ သုခုမပညာရပ်တွေဖြစ်တယ်လို့ ယဉ်ကျေးမှုသုတေသီတွေက သတ်မှတ်ထားကြပါတယ်။ မြန်မာ့ယဉ်ကျေးမှုဆိုတဲ့စကားဟာ အင်မတန်လေးနက်ပြီး တန်ဖိုးရှိတဲ့အဓိပ္ပာယ်တွေပါဝင်နေပါတယ်။ မြန်မာဆိုတာ မြန်မာနိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့အမည်ဖြစ်ပြီး တိုင်းရင်းသားတွေကို ပေါင်းစုခေါ်ဆိုထားတာဖြစ်ပါတယ်။ ရိုးရာဆိုတာကတော့ မိဘအစဉ်အဆက် ကျင့်သုံးခဲ့တဲ့အလေ့အထဖြစ်ပြီး ယဉ်ကျေးမှုဆိုတာကတော့ သိမ်မွေ့ပြေပြစ်တဲ့သိတတ်လိမ္မာမှု၊ တိုးတက်ထွန်းကားလာတဲ့ လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာတဲ့ ထုံးတမ်းတွေဖြစ်ပါတယ်။ တိုင်းရင်းသားတွေနဲ့ မြန်မာ့ယဉ်ကျေးမှုဆိုတာ နှစ်ပေါင်းများစွာကတည်းက ခိုင်ခိုင်မာမာတည်ရှိခဲ့တာဖြစ်ပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုလို့ ဆိုလိုက်တာနဲ့ နေပြည်တော်မှာ အောက်တိုဘာ ၁၄ ရက်က စတင်ကျင်းပနေပြီဖြစ်တဲ့ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြေးမြင်မိကြမှာပါ။ ငွေရတုအထိမ်းအမှတ်ဆိုတဲ့အတိုင်း ခမ်းနားထည်ဝါစွာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ အခမ်းအနားကျင်းပပုံတွေကို တိုက်ရိုက်ထုတ်လွှင့်ပြသပြီးဖြစ်လို့ ပြည်တွင်း၊ ပြည်ပကကြည့်ရှုသူအားလုံး တွေ့မြင်ကြရပြီး ဖြစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ ထူးထူးခြားခြားမြင်တွေ့လိုက်ရတာကတော့ တိုင်းရင်းသားရှစ်မျိုးရဲ့ ရိုးရာတူရိယာ (၄၃) မျိုးနဲ့ သံစုံတီးဝိုင်းတီးခတ်ပြီး ဖွင့်ပွဲအခမ်းအနားကို စတင်ခဲ့တာဖြစ်ပါတယ်။ သံစုံတီးဝိုင်းဆိုတာ အားလုံးက မိမိတို့ကျွမ်းကျင်ရာတူရိယာကိုသတ်မှတ်ထားတဲ့ စည်းစနစ်နဲ့အညီ တီးမှုတ်ကြရတာဖြစ်ပါတယ်။ ဦးဆောင်သူရဲ့လမ်းညွှန်မှုအောက်မှာ သူ့အပိုင်းနဲ့သူ ညီညွတ်မျှတစွာ တီးမှုတ်ရတာဖြစ်လို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသရုပ်ကိုပေါ်လွင်စေတယ်လို့ စာရေးသူခံစားရပါတယ်။ အားလုံးက ညီညီမျှမျှလိုက်ပါဆောင်ရွက်မှသာလုပ်ငန်းအောင်မြင်မှာဖြစ်ပါတယ်။ လူမျိုးတစ်ခုချင်းစီရဲ့သီချင်း၊ တူရိယာနဲ့ သံစဉ်တွေအလိုက် တီးခတ်ဖျော်ဖြေကြရတာဖြစ်လို့ တိုင်းရင်းသား ရှစ်မျိုးရဲ့သံစုံတီးဝိုင်းက နားဝင်ငြိမ့်ညောင်းသာယာလှပါတယ်။ တီးဝိုင်းသံအဆုံးမှာတော့ တစ်ခဲနက်သောလက်ခုပ်သံများ လျှံဝေသွားခဲ့ပါတယ်။

**❖ မြန်မာနိုင်ငံဟာအခြားနိုင်ငံတွေနဲ့ မတူညီတဲ့အချက်ကတော့ တိုင်းရင်းသားမျိုးနွယ်စုတွေစုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားတွေဟာ ရှေးဘိုးဘေးဘီဘင်တွေ လက်ထက်ကတည်းက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုနဲ့ရပ်တည်နေထိုင်ခဲ့ကြသူတွေဖြစ်ပါတယ်။ အဆိုပါယဉ်ကျေးမှုတွေကို နိုင်ငံသားတိုင်းနဲ့ တိုင်းရင်းသားတိုင်းက နိုင်ငံနဲ့လူမျိုးကိုချစ်တဲ့စိတ်တွေနဲ့ထိန်းသိမ်းကာကွယ်စောင့်ရှောက်တာဟာ နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကိုကာကွယ်စောင့်ရှောက်နေတာဖြစ်လို့ အင်မတန်မွန်မြတ်တဲ့တာဝန်ကို ထမ်းဆောင်တာပဲဖြစ်ပါတယ်။ ❖**

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်ကစတင်ပြီး ရည်ရွယ်ချက်ကြီးကြီးမားမား၊ အနှစ်သာရပြည့်ပြည့်ဝဝနဲ့ စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကျင်းပပြီးနောက် ၂၀၁၇ ခုနှစ်မှ စတင်၍ရပ်နားထားခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်ကစတင်ပြီး နှစ်စဉ်ပြန်လည်ကျင်းပခဲ့ရာ ယခု ၂၀၂၄ ခုနှစ်တွင် (၂၅) ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ရပ်ဆိုင်းထားခဲ့ရတဲ့နှစ်တွေဟာ မြန်မာ့ယဉ်ကျေးမှုအတွက် စိုးရိမ်ရေအမှတ်အနေအထားထိ ဖြစ်လာခဲ့ပါတယ်။ လက်ရှိအနေအထားမှာတော့ သုံးနှစ်တာကာလအတွင်း တစ်နှစ်ထက်တစ်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်တွေကို လူငယ်တွေပိုမိုစိတ်ဝင်စားလာကြတာကို တွေ့မြင်ရပါတယ်။

ပြိုင်ပွဲဝင်အရေအတွက်ဟာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းသွားတာမျိုးမဟုတ်ဘဲ တိုး၍တိုး၍လာပါတယ်။ ၂၀၂၂ ခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ၁၈၃၈ ဦး၊ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ၂၃၀၆ ဦးနဲ့ အခု ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်မှာဦးရေ ၂၅၀၀ ထိရှိလာပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုချစ်ခင်မြတ်နိုးတဲ့ဝါသနာရှင်များ၊ မျိုးဆက်သစ်များ၊ ကြီးကြပ်သူများ၊ ပညာရှင်ကြီးများစုံစုံလင်လင်ရှိလှပါတယ်။ ပြိုင်ပွဲမှာဆိုရင်လဲ မဟာဂီတ၊ ကာလပေါ်၊ အမျိုးဂုဏ်မြှင့်တင်ရေးတေးသီချင်းတွေ၊ တိုင်းရင်းသားတို့ရဲ့ ရိုးရာတူရိယာတိုင်းရင်းသားရိုးရာ၊ ကျေးလက်အကတွေ၊ ကဗျာလွတ်၊ ချင်းတိုင်းရင်းသားရိုးရာအက၊ ရုပ်သေးကြိုးဆွဲအကတွေ၊ စန္ဒရား၊ ဂီတာ၊ ဒုံမင်း၊ မယ်ဒလင်၊ ဒိုးပတ်၊ အိုးစည်၊ တယော၊ စောင်း၊ နှဲ၊ ပလွေ၊ ပတ္တလား စတာတွေ၊ ရုပ်စုံ သဘင်၊ ဆိုင်း၊ ဆိုင်းဝိုင်းကြီးပြိုင်ပွဲတွေ၊ အရေးပြိုင်ပွဲတွေ စသဖြင့် တစ်ဦးချင်း၊ အဖွဲ့လိုက်ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်။ ယှဉ်ပြိုင်နေကြပြီလဲဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာအခြားနိုင်ငံတွေနဲ့ မတူညီတဲ့ အချက်ကတော့ တိုင်းရင်းသားမျိုးနွယ်စုတွေစုပေါင်း နေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားတွေဟာ ရှေးဘိုးဘေးဘီဘင်တွေ လက်ထက်ကတည်းက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုနဲ့ ရပ်တည်နေထိုင်ခဲ့ကြသူတွေဖြစ်ပါတယ်။ အဆိုပါ ယဉ်ကျေးမှုတွေကို နိုင်ငံသားတိုင်းနဲ့တိုင်းရင်းသား တိုင်းက နိုင်ငံနဲ့လူမျိုးကိုချစ်တဲ့စိတ်တွေနဲ့ထိန်းသိမ်း ကာကွယ်စောင့်ရှောက်တာဟာ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာကိုကာကွယ် စောင့်ရှောက်နေတာဖြစ်လို့ အင်မတန်မွန်မြတ်တဲ့ တာဝန်ကိုထမ်းဆောင်တာပဲဖြစ်ပါတယ်။

အခုလိုမျိုး မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် ကိုယ့်နိုင်ငံကိုချစ်ပါ၊ ကိုယ့်လူမျိုးကို တန်ဖိုးထားပါ၊ ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးပါဆိုတဲ့စကားတွေအစဉ် အမြဲတိုက်တွန်းပြောကြားနေသလိုဖြစ်ပါတယ်။ မိမိတို့တတ်ကျွမ်းတဲ့တူရိယာတွေအပေါ်မှာ စိတ်ဝင်စားတီးခတ်ရင်း "ငါတို့မြန်မာတွေရဲ့ယဉ်ကျေးမှုအဆင့်အတန်းဟာ အလွန်ပဲမြင့်မားပါကလား"ဆိုတဲ့အသိ သိရှိလာကြပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် မဟာဂီတသီချင်းတွေဟာ သာရေး၊ နာရေး၊ လှူရေး၊ တန်းရေး၊ ဘာသာရေးစသဖြင့် သူ့နေရာ၊ သူ့ကဏ္ဍနဲ့သူ တီးမှုတ်ဖျော်ဖြေရတာမို့ စည်းစနစ်တိတိကျကျရှိပါလားဆိုတဲ့အသိရှိလာကြလို့ပါပဲ။ ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်၊ လေးထွေသံကပ်၊ မြင်းခင်း၊ လောကနတ်ချင်း၊ ဒိန်းသံ၊ ကရင်ဩ၊ ဘောလယ်၊ တေးထပ်ဆိုပြီးခွဲခြားထားပါတယ်။

မဟာဂီတကိုစတင်သင်ယူသူတိုင်းဟာ "ထံတျာတေရှင်၊ ထံတျာတေရှင်"အစချီတဲ့ ပုစဉ်းတောင်သံကြိုးကိုစတင်သင်ယူကြရပါတယ်။ အဲဒီကမှတစ်ဆင့် သီတာ(ဒါ)၊ သာယာ၊ ဝေဘာ၊ ထွေတလာ၊ဘုံဆောင်မြင့်စသဖြင့် အဆင့်ဆင့်သင်ယူကြရတာဖြစ်ပါတယ်။ သင်တိုင်းတတ်တဲ့ပညာရပ်မဟုတ်တဲ့အတွက် လူတိုင်းတတ်မြောက်ခြင်းမရှိပါဘူး။ နိုင်ငံတော်အစိုးရတွေက မျိုးချစ်စိတ်ပြည့်ဝစွာနဲ့ ပြိုင်ပွဲတွေကျင်းပပေးလို့သာ လူငယ်တွေ တော်တော်များများ စိတ်ဝင်တစားနဲ့ တတ်မြောက်လာကြတာဖြစ်ပါတယ်။ လူငယ်အများစုပါဝင်လာတာ နိုင်ငံရဲ့အနာဂတ်အတွက် ဝမ်းသာဖွယ်ကောင်းလှပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့တစ်ဖက်ကစာပေပညာတွေသင်ယူရင်း တစ်ဖက်က အနုသုခုမပညာတွေ တတ်မြောက်တာဟာ ကောင်းမွန်တဲ့ဆောင်ရွက်ချက်ဖြစ်ပါတယ်။

မဟာဂီတသီချင်းကြီးတွေမှာ ခေတ်အဆက်ဆက်ပြုစုခဲ့ကြတဲ့ ရသမြောက်တဲ့၊ အဆင့်အတန်းရှိတဲ့၊ လူအများကနှစ်သက်မြတ်နိုးကြပြီး အစဉ်အဆက်အသုံးပြုလာခဲ့တဲ့ ဂန္ဓဝင်ဂီတဒါမှမဟုတ် မဟာဂီတသီချင်းတွေဖြစ်ပါတယ်။ မြန်မာသီချင်းကြီးရဲ့ သိသာပေါ်လွင်တဲ့လက္ခဏာတစ်ရပ်မှာစာသားအဖွဲ့အထုံးလို့ခေါ်ဆိုအပ်တဲ့ အလင်္ကာပင်ဖြစ်ပါတယ်။ သီချင်းကြီးစာသားအဖွဲ့တွေမှာ မြန်မာစာပေနည်းတူအရည်အသွေးအဆင့်အတန်းအားဖြင့် မြင့်မားလှပါတယ်။ သီချင်းကြီးရေးစပ်သူတွေမှာ ပညာကြီးမားသူဖြစ်လို့ ရေးတဲ့စာကလဲ ဂုဏ်ရသ၊ အလင်္ကာတို့ဖြင့် မွမ်းမံရေးသားထားတာကို ထင်ရှားစွာတွေ့နိုင်ပါတယ်။ မဟာဂီတသီချင်းကြီးတွေ သဒ္ဒါလင်္ကာရ အသံအဖွဲ့အစပ်မှုဖြစ်တဲ့ တီးမှုတ်သီဆိုမှုနဲ့ပတ်သက်လို့ သီချင်းတစ်ပုဒ်ရဲ့စာသားအကြောင်းအရာကို ယေဘုယျအားဖြင့် စာဖတ်တတ်သူတိုင်း ဆင်ခြင်နိုင်ဖွယ်ရှိပေမဲ့ အတီးအမှုတ် အဆိုအတီးဆိုတဲ့ အတတ်ပညာနဲ့စပ်လျဉ်းပြီး ဂီတဗီဇပါရမီခံရှိသူတွေမဟုတ်ရင် သာမန်လူတို့အဖို့ တတ်သိနားလည်ရန်ခက်ခဲနေမှာဖြစ်ပါတယ်။

လူငယ်တွေရဲ့နှလုံးသားမှာ မိမိတို့ရဲ့အနုသုခုမပညာရပ်တွေကိုတန်ဖိုးထားတာနဲ့အတူ "အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး"ဆိုတဲ့ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲရဲ့ ဦးတည်ချက်တွေအတိုင်း အောင်မြင်အောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်တွေဟာ နှစ်ပေါင်းထောင်ချီတည်ရှိနေတာဖြစ်ပါတယ်။ တန်ဖိုးကြီးမားပြီး ဂုဏ်ယူဖွယ်ရာယဉ်ကျေးမှုအမွေအနှစ်ပဲဖြစ်ပါတယ်။ ရှေးဘိုးဘွားအစဉ်အဆက်က ထိန်းသိမ်းစောင့်ရှောက်လာကြတဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြဖို့ နိုင်ငံတော်အစိုးရက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို ဦးတည်ချက်တွေချမှတ်ကျင်းပနေတာဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာပညာရှင်ကြီးတွေက လက်ဆင့်ကမ်းပေးနေတဲ့ အမွေတွေကို လူငယ်မောင်မယ်တွေက ပြည့်ပြည့်ဝဝ လက်ခံရရှိအောင် ကြိုးစားကြရင်း မြန်မာတို့ရဲ့အဆို၊ အက၊ အရေး၊ အတီးပညာရပ်တွေ ပိုမိုထွန်းတောက်ကြပါစေကြောင်းဂုဏ်ပြုရေးသားလိုက်ပါတယ်။

**ကိုးကား**

**- စန္ဒရားလှထွတ် မြန်မာ့ဂီတရေစီးကြောင်း၊**

**- နေ့စဉ်ထုတ်သတင်းစာများ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၅၉၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၅၉၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းကေ ၄၀၀ နှင့် ဖူးစားပြောင်း ၂၄၄၁ ကေ စုစုပေါင်း ၂၈၄၁ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၅၁ ကေ နှင့် ဖူးစားပြောင်း ၂၂၄၆ ကေ စုစုပေါင်း ၂၅၉၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၂၈၄၁ ကေစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၅၉၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြောင်းစိုက်ပျိုးရာမှာ တောင်သူတွေကို လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းတွေကို အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်" ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့်ကုန်ကျကြောင်း၊ ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့်ကုန်ကျကြောင်း သိရသည်။ (၂၀၆)

# တိုက်ကြီးမြို့နယ် ဘိုသိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**တိုက်ကြီး အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုက်ကြီးမြို့နယ် ဘိုသိုးကျေးရွာ၌ ဂါလန်၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဘိုသိုးကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

တိုက်ကြီးမြို့နယ် ဘိုသိုးကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂ ဒသမ ၄၁ သန်းဖြင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းကို ဘရူနိုးမားစ်ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ မဖြစ်မနေရမှတ်ရှာဖွေရမဲ့ မန်ယူအသင်း၊ ရင်းနက်အသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို ရွေးချယ်ရမှာပါ



အခုတစ်ပတ်မှာတော့ နိုင်ငံတကာပြိုင်ပွဲကာလတွေပြီးဆုံးခဲ့တာကြောင့် အမှတ်ပေးပွဲစဉ်တွေပြန်လည်ကစားမှာဖြစ်ပါတယ်။ နိုင်ငံတကာပြိုင်ပွဲကာလမှာတော့ အဓိက ကစားသမားအများစု ဒဏ်ရာရခဲ့တာကြောင့် ပြိုင်ပွဲတွေကိုချဉ်းကပ်တဲ့အခါ ခရီးပန်းမှုနဲ့ဒဏ်ရာရကစားသမားရှိနေမှုကို ထည့်သွင်းစဉ်းစားရမှာပါ။ လက်ရှိမှာ ပရီးမီးယားလိဂ်က ဆာကာ၊ ဆာလာဟ် စတဲ့ ကစားသမားတွေဟာ ဒဏ်ရာကြောင့် ကလပ်အသင်းနဲ့ အစောဆုံးပူးပေါင်းခဲ့ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် စနေညကစားမဲ့ပွဲစဉ်မှာ အရန်ကစားသမားစုဖွဲ့မှုနဲ့ အသင်းရဲ့ကစားကွက်ကိုပုံဖော်နေတဲ့ ကစားသမားတွေပါဝင်နိုင်တဲ့ အသင်းတွေကိုသာ အဓိကရွေးချယ်ရမှာပါ။

### မန်ယူအသင်းအနိုင်ရမှာပါ

စနေညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ ဘရန့်ဖို့ဒ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး အမှတ်ပေးပြိုင်ပွဲမှာလဲ ခုနစ်ပွဲကစားခဲ့ရာမှာ ရမှတ်ရှစ်မှတ်သာရရှိခဲ့တာကြောင့် အဆင့်(၁၄) မှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်မှူး ဂါနာချို၊ အာမက်၊ ကွင်းလယ်က မိုင်နူးတို့ ဒဏ်ရာရခဲ့တာကြောင့် တိုက်စစ်ကစားအားကျဆင်းသွားခဲ့ပြီး ဂိုးရဖို့ခက်ခဲခဲ့သလို ခံစစ်ကလဲမာဇရာဝီ ၊ မက်ဂွဲယားတို့ ဒဏ်ရာထပ်မံကြုံတွေ့ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ အေဗီလာနဲ့ပွဲမှာဆို တိုက်စစ်ပိုင်းအားနည်းချက်ကြောင့် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့တာကိုသတိပြုရမှာပါ။ အဲ့ဒီပွဲစဉ်မှာ တိုက်စစ်က ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုလုပ်နိုင်ပေမဲ့ အဆုံးသတ်ပိုင်းအားနည်းခဲ့လို့ ရမှတ်ခွဲယူခဲ့ရတယ်လို့ဆိုရမှာပါ။ ဒါကြောင့် ငါးပွဲဆက်နိုင်ပွဲပျောက်နေတဲ့ နည်းပြတန်ဟတ်ရဲ့ နည်းစနစ်ပိုင်းက ဝေဖန်စရာဖြစ်ခဲ့ပြီး ရာထူးတည်မြဲရေးအတွက်ပါ ရုန်းကန်နေရတာဖြစ်ပါတယ်။ နည်းပြတန်ဟတ်ဟာ အခုရာသီမှာ ၄-၂-၃-၁ ကစားကွက်နဲ့သာ ပွဲထွက်နေတာကြောင့် ဘရန့်ဖို့ဒ်နဲ့ ကစားကွက်ပိုင်းတူနေပေမဲ့ ကစားသမားတစ်ဦးချင်းစွမ်းဆောင်ရည်က ဘရန့်ဖို့ဒ်ထက်သာနေတာဖြစ်လို့ ပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့များပါတယ်။

ဘရန့်ဖို့ဒ်အသင်းဟာ အခုရာသီမှာ တန်ပြန်တိုက်စစ်ကစားပုံကောင်းနေတာကြောင့် အမှတ်ပေးပွဲ ခုနစ်ပွဲအပြီးမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၁)မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းကတော့ အသင်းလိုက်ကစားအားကောင်းနေသလို အိမ်ကွင်းပွဲစဉ်တွေမှာ ရှုံးပွဲမရှိသေးတာကို သတိပြုရမှာပါ။ အဝေးကွင်းပွဲစဉ်တွေမှာတော့ တိုက်စစ်ကောင်းတဲ့ အသင်းနဲ့တွေ့ရင် ခံစစ်ကပေးဂိုးများနေတာဖြစ်ပါတယ်။ နည်းပြသောမတ်ဖရန့်က အိမ်ကွင်းကစားပုံကို အကောင်းဆုံး တည်ဆောက်နိုင်ခဲ့ပေမဲ့ အဝေးကွင်းမှာတော့ အသင်းငယ်တွေကိုတောင် အနိုင်ရဖို့ခက်ခဲနေတာကြောင့် မန်ယူလိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မဖြစ်နိုင်ပါဘူး။ လက်ရှိတိုက်စစ်ပိုင်းကို မီအူဘိုက ဦးဆောင်နေပြီး အမှတ်ပေးပွဲခုနစ်ပွဲမှာ ခြောက်ဂိုးထိသွင်းယူနိုင်ခဲ့သလို အထူးသဖြင့် ပွဲအစမှာ သုံးဂိုးဆက်တိုက်ဂိုးသွင်းယူထားတာကြောင့် ဘရန့်ဖို့ဒ်ရဲ့ ပွဲအစကစားအားက အသင်းကြီးတွေတောင် ထိန်းချုပ်ရခက်ခဲနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ဝုဗ်အသင်းနဲ့ပွဲမှာတော့ တိုက်စစ်ပိုင်းက ပွဲအစနှစ်မိနစ်မှာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းမှာပဲ လေးဂိုးသွင်းယူခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် နည်းပြတန်ဟတ်အနေနဲ့ ပထမပိုင်းမှာ ဘရန့်ဖို့ဒ်တိုက်စစ်ကို ထိန်းချုပ်နိုင်မယ်ဆိုရင်နိုင်ပွဲရဖို့ သေချာနေပြီး အကျောပေးမှုကလဲ တစ်ဂိုးသွင်းရင် အပြည့်ပျော်လို့ မရသေးတာကြောင့် အိမ်ကွင်းနိုင်ပွဲရှာမဲ့ မန်ယူအသင်းအနိုင်ရမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ဝ | - | ဝ | မန်ယူ |
| မန်ယူ | ၁ | - | ၁ | တွမ်တီး |
| မန်ယူ | ဝ | - | ၃ | စပါး |
| ပေါ်တို | ၃ | - | ၃ | မန်ယူ |
| အေဗီလာ | ဝ | - | ဝ | မန်ယူ |

**ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | လေတန် |
| စပါး | ၃ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဘရန့်ဖို့ဒ် | ၅ | - | ၃ | ဝုဗ် |

### ရင်းနက်အသင်းကိုရွေးချယ်ရမှာပါ

ပြင်သစ်လီဂူးပွဲစဉ်(၈)မှာ အကြိုက်တွေ့မိတာကတော့ ဘရက်အသင်းနဲ့ ရင်းနက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်နဲ့ ပုံစံကောင်းရရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ အဓိကကစားသမား ခေါ်ယူမှုမလုပ်နိုင်ခဲ့ပေမဲ့ ပြီးခဲ့တဲ့နှစ်က ခြေစွမ်းပြကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့လို့ ရလဒ်ပိုင်းကောင်းနေဆဲဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ စတန်းဂရေ့စ်၊ ဆဲလ်ဘတ်တို့လို အသင်းတွေကို နိုင်ပွဲရရှိအောင် ကစားနိုင်ခဲ့တာကိုလဲတွေ့ရမှာပါ။ နည်းပြအဲရစ်ရွိုင်းကတော့ ၄-၃-၃ ကစားကွက်နဲ့ ပုံမှန်ပွဲထွက်နေပြီး ခံစစ်အသားပေးကစားနေတာကို တွေ့ရမှာပါ။ ဒါကြောင့် တိုက်စစ်ဖွင့်ကစားတဲ့အသင်းတွေဖြစ်တဲ့ ဆဲလ်ဘတ်၊ တူးလော့၊ လီဟာဗေးတို့အနေနဲ့ ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပွဲ ရှစ်ပွဲအပြီးမှာတော့ သုံးပွဲနိုင်၊ လေးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၁)မှာ ရပ်တည်နေပေမဲ့ ခံစစ်ပိုင်းက ပေးဂိုး ၁၃ ဂိုးထိရှိခဲ့လို့ ပေးဂိုးများနေတဲ့ အော့ဇေး၊ လီဟာဗေးတို့ ပြီးရင် ဂိုးအများဆုံးပေးခဲ့ရတာကို သတိပြုရမှာပါ။

ရင်းနက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲဆက်မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်မှာ လန်း၊ ပီအက်စ်ဂျီ၊ မိုနာကိုတို့လို ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အသင်းတွေနဲ့ ပွဲကျပ်ကစားခဲ့ရလို့ ရှုံးပွဲကြုံခဲ့တယ်လို့ ဆိုရမှာပါ။ ရင်းနက်ရဲ့ အသင်းလိုက်ကစားပုံဟာ ခြေရည်တူအသင်းတွေဆို ထိန်းချုပ်ကစားနိုင်ပြီး နိုင်ပွဲရယူခဲ့သလို ဘရက်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ပွဲကျပ်ကစားခဲ့ရပေမဲ့ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းနိုင်ခဲ့တာဖြစ်လို့ ဘရက်အသင်းလို ခံစစ်ပိုင်းပေးဂိုးများနေတဲ့အသင်းကို အခုပွဲမှာ ဂိုးသွင်းယူနိုင်မှာဖြစ်ပါတယ်။ လက်ရှိမှာလဲ ကစားသမားနှစ်ဦးသာ ဒဏ်ရာရရှိနေပြီး အဓိက ကစားသမားအားလုံးပါဝင်ကစားနိုင်မှာဖြစ်ပါတယ်။ အမှတ်ပေးပွဲခုနစ်ပွဲအပြီးမှာတော့ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်ကြောင့် ရမှတ်ခုနစ်မှတ်နဲ့ အဆင့်(၁၂)မှာရပ်တည်နေပြီး ဘရက်အသင်းနဲ့ ရမှတ်နှစ်မှတ်သာကွာဟာနေလို့ အခုပွဲစဉ်ကို နိုင်ပွဲရရင် အမှတ်ပေးဇယားအပေါ်ကို တက်ရောက်နိုင်မှာသေချာပါတယ်။ ဒါကြောင့် တွေ့ဆုံမှုအစဉ်အလာနဲ့ အကျောပေးထားမှုအရ ရင်းနက်အသင်း အနိမ့်ဆုံးသရေကစားနိုင်မှာဖြစ်လို့ ရင်းနက်အသင်းကိုရွေးချယ်ရမှာပါ။

**ဘရက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရက် | ၂ | - | ၁ | စတန်းဂရေ့စ် |
| ဘရက် | ၂ | - | ဝ | တူးလော့ |
| အော့ဇေး | ၃ | - | ဝ | ဘရက် |
| ဆဲလ်ဘတ် | ၄ | - | ဝ | ဘရက် |
| ဘရက် | ၂ | - | ဝ | လီဟာဗေး |

**ရင်းနက်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရိမ်း | ၂ | - | ၁ | ရင်းနက် |
| ရင်းနက် | ၃ | - | ဝ | မောင့်ပယ်လီယာ |
| ရင်းနက် | ၁ | - | ၁ | လန်း |
| ပီအက်စ်ဂျီ | ၃ | - | ၁ | ရင်းနက် |
| ရင်းနက် | ၁ | - | ၂ | မိုနာကို |

### ရီးရဲလ်မက်ဒရစ်အသင်း ရလဒ်ကောင်းမှာပါ

စပိန်လာလီဂါပွဲစဉ်(၁၀)မှာ အကြိုက်တွေ့မိတာကတော့ ဆဲလ်တာဗီဂိုနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံချိန်မှာတော့ ရီးရဲလ်မက်ဒရစ်အသင်းက အိမ်ကွင်းမှာ လေးဂိုးပြတ်နဲ့နိုင်ပွဲရခဲ့ပြီး ပြီးခဲ့တဲ့ ရာသီနှစ်ကျော့စလုံးမှာလဲ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။

လက်ရှိ ချန်ပီယံရီးရဲလ်မက်ဒရစ်အသင်းဟာ အမှတ်ပေးပွဲကိုးပွဲကစားအပြီးမှာ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ ရလဒ်ကြောင့် ရမှတ် ၂၁ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၂)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့ပြီး လိုင်လီလို စုဖွဲ့မှုအားနည်းတဲ့အသင်းကို ချန်ပီယံလိဂ်မှာရှုံးခဲ့တာကိုတွေ့ရမှာပါ။ ရီးရဲလ်မက်ဒရစ်အသင်းဟာ ကွင်းလယ်က တိုနီခရူးစ်အနားယူပြီးနောက် ကွင်းလယ်တိုက်စစ်ပိုင်းကျဆင်းသွားခဲ့သလို တိုက်စစ်မှူး ဗင်နီစီးယက်စ်နဲ့အမ်ဘက်ပီတို့ကလဲ ပုံမှန်ဂိုးရဖို့ကြိုးပမ်းနေရတာကြောင့် နောက်ပိုင်းမှာ တိုက်စစ်ကစားပုံအားနည်းနေတာကို သတိပြုရမှာပါ။ လက်ရှိအသင်းတိုက်စစ်ကို ဗင်နီစီးယက်နဲ့ အမ်ဘက်ပီတို့ဦးဆောင်နေပြီး ကစားသမားနှစ်ဦးပေါင်း ဂိုးပါဝင်ပတ်သက်မှု ၁၄ ကြိမ်ရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ မဖြစ်မနေနိုင်ပွဲရှာရမဲ့ပွဲတွေဆို နိုင်လိုစိတ်နည်းပါးနေတာကြောင့် မထင်မှတ်တဲ့ပွဲစဉ်တွေဟာ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၂၈ ကြိမ်မှာတော့ ရီးရဲလ်မက်ဒရစ်က ၂၂ ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အသာရနေသလို ဆဲလ်တာဗီဂိုအနေနဲ့ ဒဏ်ရာရကစားသမားများနေတာကြောင့်လဲ အခုပွဲမှာ ရီးရဲလ်မက်ဒရစ်အသင်း ရလဒ်ကောင်းမှာပါ။

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၃ | - | ၁ | ဗယ်လာဒိုးလစ် |
| ဘီလ်ဘာအို | ၃ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ဝ | - | ၁ | အေတီကို |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဂျီရိုနာ |
| လက်ပါးမက် | ဝ | - | ၁ | ဆဲလ်တာဗီဂို |

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | အက်စ်ပန်ညို |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၂ | အလာဗက် |
| အေတီကို | ၁ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| လိုင်လီ | ၁ | - | ဝ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ဝ | ဗီလာရီးရဲလ် |






လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင်**
**သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက် နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရ မည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း နေလှန်းဆား ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော စက်တင်ဘာလအတွင်း ဒေသထွက် နေလှန်းဆား ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဆားရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ဒေသထွက် နေလှန်းဆား ပိဿာချိန် ၆၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း နေလှန်းဆားပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်က ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း နေလှန်းဆား ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဆားတွေက အရင်လက်ကျန် နေလှန်းဆားတွေဖြစ်ပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေကြပါတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲ ကောင်းပါတယ်"ဟု ငပုတောမြို့နယ်မှ ဆားရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၅၄၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျချက်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် လယ်မကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဆင်း

**ဇီးကုန်း အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသော နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် လယ်မကျေးရွာအုပ်စု လယ်မကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၆ ရက်က အဆိုပါ ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ခရိုင် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းမြင့်ဇော်က စီမံကိန်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ကုန်ချော ပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ဆပ်ပြာအမျိုးမျိုး ထုတ်လုပ်နည်းများကို ပထမအကြိမ်အဖြစ် စာတွေ့၊ လက်တွေ့ဖြင့် အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၁၅ ရက်ထိ ခုနစ်ရက်ကြာ အခမဲ့သင်ကြားပေးခဲ့ပြီး ယခုအခါ မွမ်းမံသင်တန်းကို ထပ်မံသင်ကြားပေးခဲ့ခြင်းဖြစ်ကာ သတ်မှတ်စည်းကမ်းချက်များနှင့် အညီရွေးချယ်ထားသည့် လူသုံးကုန်ထုတ်လုပ်ငန်း ထူထောင်မည့်သူ ငါးဦးကို ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးမှ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများကို သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့် အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







**ပျောက်ဆုံးကြောင်း**

ကျောက်မဲမြို့၊ ၅၇၇(၈)ကွက်နေ မအေးသိန်း (ဘ) ဦးရွက်လူ (၁၃/ကမန(နိုင်)၀၆၈၂၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-157642)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၁၈၆၃၇၁

**ပျောက်ဆုံးကြောင်း**

မင်္ဂလာဒုံမြို့နေ ဇူလိုင်သူရအောင်(ဘ) ဦးအောင်မြင့်ဦး(၁၂/မဂဒ(နိုင်)၁၅၀၅၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၇၀၁၃၉၈၂၅

**သင့်သွေးဖြင့် အသက်ကယ်ပါ**








# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ...

❖ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ရည်ရွယ်ချက် တူညီသည့်လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူ အချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့ စနစ်တစ်ခုဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံဒေသသို့ ယမန်နှစ်ထက် ခရီးသွားဝင်ရောက်မှုများပြား

ရန်ကုန် အောက်တိုဘာ ၁၇

သီတင်းကျွတ်လပြည့်နေ့တွင် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအနေဖြင့် ဘုရား၊ ပုထိုးစေတီတို့၌ ကုသိုလ်ကောင်းမှုများ ပြုကြပြီး အထူးစည်ကားလျက်ရှိရာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တို့ စုဝေးရာ ပုဂံဒေသတွင်လည်း ယမန်နှစ် သီတင်းကျွတ်လပြည့်နေ့ထက် ယခုနှစ်တွင် ခရီးသွားဝင်ရောက်မှုပိုမိုများပြားခဲ့ကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့၌ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘုရား၊ ပုထိုးစေတီနှင့် သာသနာ့နယ်မြေတို့၌ ဆွမ်း၊ပန်း၊ရေချမ်းကပ်လှူခြင်း၊ အဘိုးအဘွားနှင့် မိဘများကို ကန်တော့ခြင်း၊ ညပိုင်းတွင် မြတ်ဗုဒ္ဓအား ဆီမီးထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ယူကြလျက်ရှိသည်။


စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## လေဖိအားနည်းဆဲလ်နှင့် လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့် ဒေသအလိုက် မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့မှ ရွေ့လျားလာနိုင်သော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းဆဲလ်နှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်း၏ အရှိန်တို့ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၂၁ ကော်လံ ၁ ❑




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

